မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

တစ်နိုင်ငံလုံး၌ ဓမ္မစက္ကပဝတ္တနသုတ် ရွတ်ဖတ်ပူဇော်သံများ ဘဝဂ်လျှံလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓသာသနာတော်ပေါ်ထွန်းသည့် နှစ်(၂၆၀၀)ပြည့်မြောက်သည့်နေ့ပင် ဖြစ်သည်။ မဟာသက္ကရာဇ် (၁၀၃)ခု ဝါဆိုလပြည့် (စနေနေ့)တွင် မြတ်ဗုဒ္ဓသည် ဝဂ္ဂီငါးဦးနှင့် တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာအပေါင်းတို့အား ဓမ္မစက္ကပဝတ္တနသုတ်တော် (ဓမ္မစကြာဒေသနာတော်)ကို အဦးဆုံး မိန့်ခြွေတော်မူလျက် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ချမှတ်တော်မူကာ ဗုဒ္ဓသာသနာတော်ကို စတင်ထူထောင်တော်မူခဲ့လေသည်။

ဆင်ယင်ကျင်းပ

ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု သာသနာ့သမိုင်းတွင် မှတ်တိုင်စိုက်ထူခဲ့လေသည်။ ထို့အပြင် သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာ ဟူ၍ ဝါဆိုလပြည့်နေ့တွင် ဖြစ်ပေါ်ခဲ့သော မြတ်ဗုဒ္ဓ၏ ထူးခြားသောဖြစ်စဉ်တော်တို့ကို အမှတ်သညာပြုခဲ့ကြသည်။ ဤသို့ ထူးခြားသော ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် နိုင်ငံတစ်ဝန်းလုံး၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း ကပ်လှူပူဇော်ပွဲ၊ ရဟန်းခံရှင်ပြုအလှူတော်ပွဲ စသည့် ကုသိုလ်ပုညကုသလသဘာတို့ကို သောမနဿ ကြည်ရွှင်သဒ္ဓါဖြင့် စေတနာသုံးတန် ကုသိုလ်ခြံရံ၍ အေးချမ်းသာယာစွာ ဆင်ယင်ကျင်းပလျက် ရှိကြလေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

ဥပ္ပါတသန္တိစေတီတော်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

စိန်ဖူးတော် တင်လှူပူဇော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အလှူရှင်များ စိန်ဖူးတော်ကို တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

မဟာလောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော် ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

မဟာလောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော် ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အင်းဝမြို့ မီးသွေးတိုက်ကျေးရွာအုပ်စု ဆင်ကျုံးရပ်ရှိ အဆိုပါစေတီတော်ပရိဝုဏ်အတွင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ရတနာသိဂ်ီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့်

စာမျက်နှာ ၃ ကော်လံ ၄ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၁၆ ရက်)

သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေး ဝိုင်းဝန်းကူညီ

ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးဆဲနိုင်ငံများတွင် သက်ကြီးရွယ်အိုဦးရေသည် အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ သက်ကြီးရွယ်အိုများ လျင်မြန်စွာတိုးတက်လာပြီး မြန်မာနိုင်ငံလူဦးရေတွင် သက်ကြီးရွယ်အိုပါဝင်မှုနှုန်းသည် ၂၀၁၅ ခုနှစ်၌ ၉ ရာခိုင်နှုန်းခန့် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ခြင်းအစ မြန်မာနိုင်ငံကဟုပင် ဆိုရလောက်အောင် လွန်ခဲ့သော နှစ်တစ်ရာခန့်ကပင် မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လာခဲ့သည်။ မြန်မာနိုင်ငံ၌ ဘိုးဘွားရိပ်သာများ ထူထောင်၍ ပြုစုစောင့်ရှောက်ခြင်းကို မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်ကပင် စတင်ခဲ့သည်။ ကရုဏာရှင် ဒေါ်ဦးဖွန်းက ပထမဆုံးသက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို မင်းကွန်းမြေ၌ စတင်ခဲ့သည်။ သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းသည် မြတ်ဗုဒ္ဓ၏ (၃၈)ဖြာမင်္ဂလာတရားတော်နှင့်လည်း ညီညွတ်သည်။

အဘိုး၊ အဘွား၊ မိခင်၊ ဖခင်များနှင့် သားသမီး၊ မြေးမြစ်များ အတူတကွ ချစ်ချစ်ခင်ခင်နေထိုင်ခြင်း၊ အဘိုး၊ အဘွား၊ မိဘတို့ကို သားသမီး၊ မြေးမြစ်များက ရိုသေလေးစားခြင်း၊ အနန္တောအနန္တငါးပါး ဂိုဏ်းဝင် ကျေးဇူးရှင်များအဖြစ် ဦးထိပ်ပန်ဆင်ခြင်း၊ သားသမီးဝတ်ငါးပါးနှင့်အညီ ကျေးဇူးဆပ်ခြင်း၊ ပြန်လည်ပြုစုစောင့်ရှောက်ခြင်းစသည့် ဓလေ့စရိုက်များသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအကြားတွင် ချစ်စရာဓလေ့စရိုက်အဖြစ် ယနေ့တိုင် မယိုင်မလဲ ခိုင်မြဲလျက်ရှိသည်။

အဘိုးအဘွားများ၏ ဘဝရှေ့ရေးသာယာချမ်းမြေ့မှုကို စောင့်ရှောက်ကူညီတတ်သည့် မြန်မာတို့၏ လူမှုဓလေ့စရိုက်အစဉ်အလာများ၊ သက်ကြီးရွယ်အိုများကို အလေးထားသော ကူညီစောင့်ရှောက်မှုများသည် မွန်မြတ်သော ပရဟိတလုပ်ငန်းများဖြစ်သည်။

သက်ကြီးရွယ်အိုများအား အလေးထားစောင့်ရှောက်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းသည့် လုပ်ငန်းတစ်ရပ်လည်းဖြစ်ရာ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာပြည်သူများကပါ တက်ကြွစွာ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်ပင်စိုက်ပျိုးပွဲ ညောင်တုန်း၌ကျင်းပ

ညောင်တုန်း ဇူလိုင် ၁၅

ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ဦးစီးကျင်းပသော သစ်ပင်စိုက်ပျိုးပွဲကို ညောင်တုန်းမြို့ တာကွေ့လမ်းဘေးတစ်လျှောက်တွင် ဇွန် ၂၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိခိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ စိန်ပန်း စုစုပေါင်း အပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ဝ၈၂)**

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်းပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၁၅

ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေမောင်းတို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ သင်တန်းကို ဇွန် ၂၀ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး စာရေးဝန်ထမ်း ၄၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae Yong နှင့် စီးပွားရေးသံမှူး Mr. Park Chulho တို့သည် ဇူလိုင် ၆ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကိုရီးယား-မြန်မာ စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာလအတွင်း ကျင်းပနိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွင်းဆင်းစစ်ဆေး

ဝါးခယ်မမြို့ ရောဝတီဆိပ်ခံ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုကို ဇွန် ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့/ပြ) ဦးကျော်မင်းသန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး မြောက်ဥက္ကလာပ၌ ဟောပြော

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှုများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်မင်းအောင်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်အကြောင်းကို လည်းကောင်း **(ယာပုံ)**၊ အထူးမူးယစ်အဖွဲ့မှ ရဲအုပ်အောင်နိုင်က မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး မိုးညှင်းမြို့၌ ခြင်ဆေးဖျန်း

မိုးညှင်း ဇူလိုင် ၁၅

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဇွန် ၂၀ ရက်က အဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်များအသုံးပြု၍ အရှေ့စုရပ်ကွက် မူလတန်းကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအေးနိုင်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး စိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ပရိတ်ချည်များကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ပက်ဖျန်း

ယင်းနောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် အစရှိသော ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဘုရားဒါယကာ အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ စိန်ဖူးတော်၊ ရွှေထီးတော် ဘုံအဆင့်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်များက သာဓုအနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူခြင်း အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းမှူး၊ ဘုရားဒါယကာ အလှူရှင်များနှင့် တာဝန်ရှိသူတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်များကို အခမ်းအနားဖြင့် ပင့်ဆောင်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို ဗုဒ္ဓဘာသာထုံးတမ်း အစဉ်အလာများနှင့်အညီ တင်လှူ ပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ဦးဆောင်၍ "ဇယန္တော ဗောဓိယာမူလေ" အစရှိသော အောင်ဂါထာကို သုံးကြိမ်ရွတ်ဆိုဆုတောင်း ပတ္ထနာပြုကြပြီး အလှူရှင်များက စေတီတော်အထွတ်၌ သာသနာ့အောင်လံတော်အား စိုက်ထူပူဇော်ကာ ရွှေကြာသက်န်းတော်ကို ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဘုရားဒါယကာ အလှူရှင်များက မဟာလောကသရဖူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်၊ မြသပိတ်နှင့် ရွှေကြာသက်န်းတော် ကပ်လှူခြင်း အခမ်းအနား အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးကြသည်။

ပူဇော်

ထို့နောက် မဟာလောကသရဖူ စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို မင်္ဂလာမဏ္ဍပ်အတွင်း၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် အလှူရှင်များက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စုပေါင်းလှူဒါန်း

မဟာလောကသရဖူစေတီတော် မြတ်ကြီးကို သက္ကရာဇ် ၁၀၉၂ ခုနှစ်တွင် ဆင်ဖြူရှင် တနင်္ဂနွေမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့ပြီး ပထမဒီပါမြေ ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိ၊ ဒုတိယဒီပါမြေဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် အလှူရှင်များက ခေတ်အဆက်ဆက် ပြုပြင်တည်ထား ကိုးကွယ်ခဲ့ကြောင်း၊ စေတီတော်ကြီးသည် ဉာဏ်တော် ၁၆၂ ပေ ရှိကြောင်းနှင့် စိန်ဖူးတော်ကြီးကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်မြင့်စိုးနှင့် ဇနီးဒေါ်ခင်မြဦး မိသားစုက လည်းကောင်း၊ ရွှေထီးတော်ကြီးကို ဦးသိန်းအောင်၊ ဒေါ်သင်းသင်းလှ မိသားစု (သုံးပန်လှ သာသနာပြုအဖွဲ့)က လည်းကောင်း၊ စတီးမဏ္ဍိုင်၊ စတီးဆိုင်းကြိုးများကို ဦးသိန်းတန် (ရွှေပြည်သာ) မိသားစုကလည်းကောင်း ကမကထပြု လှူဒါန်းကြပြီး အရံစေတီနှင့် အထွေထွေ ဘက်စုံမွမ်းမံခြင်းများကို စေတနာရှင်၊ သဒ္ဓါရှင်များ၏ ကောင်းမှုဖြင့် စုပေါင်းလှူဒါန်းကြခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ OK Myanmar Co., Ltd. မှ ခင်းကျင်းပြသထားသည့် Solar စွမ်းအင်ရရှိရေး သရုပ်ပြသမှု ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် Solar စွမ်းအင်သရုပ်ပြပွဲ ကြည့်ရှု

ကျန်းမာရေးဆေးခန်းသုံး အထောက်အကူပြုပစ္စည်းလှူဒါန်းပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသော OK Myanmar Co.,Ltd.၏ ကျေးလက်ဒေသများတွင် အသုံးပြုနိုင်မည့် Solar စွမ်းအင်သရုပ်ပြပွဲနှင့် ကျေးလက်ကျန်းမာရေးဆေးခန်းသုံး Solar Packageနှင့် အထောက်အကူပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကော်မတီအနေဖြင့် လုပ်ငန်း(၈)ရပ် အကောင်အထည်ဖော်ရေးနှင့် မြို့ပြအလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ရေး လုပ်ငန်းများကို ဇူလိုင် ၁ ရက်မှ စတင်၍ Action Plan များ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်နေသည့် လုပ်ငန်း (၈)ရပ်အနက် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် Solar စွမ်းအင်ဖြင့် မီးရရှိရေးအတွက် လာရောက်ပြသခြင်းဖြစ်ကြောင်း၊ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအများစုတွင် Solar စွမ်းအင်သုံး မီးအသုံးပြု ဆောင်ရွက်ခြင်းဖြင့် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ကျစေနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် OK Myanmar Co., Ltd. ဒါရိုက်တာဦးဇော်ဝိတ်က ကျေးလက်ဒေသများ၌ အသုံးပြုနိုင်ရန် Solar စွမ်းအင်ရရှိရေးလုပ်ငန်းများတွင် ကုမ္ပဏီက ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ငွေကျပ် ၃၂၄၅၀၀၀ တန်ဖိုးရှိ ကျေးလက်ကျန်းမာရေး ဆေးခန်းသုံး Solar Package နှင့် အထောက်အကူပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုလေ့လာ

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် OK Myanmar Co.,Ltd. မှ ခင်းကျင်းပြသထားသည့် ကျေးလက်ဒေသများတွင် အသုံးပြုနိုင်မည့် Solar စွမ်းအင်ရရှိရေး သရုပ်ပြပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုသည်မှာ နေစွမ်းအင်၊ လေစွမ်းအင်နှင့် ရေစွမ်းအင်တို့ အဓိကပါဝင်သည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တွက်ဆကြည့်လျှင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုမှာ ၃၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ ယင်းစွမ်းအင်လုပ်ငန်းအရပ်ရပ်တို့တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၁၁ ဘီလီယံဖိုးရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားလေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်မျိုးဖြစ်သည့် လေစွမ်းအင်ထုတ်လုပ်သုံးစွဲမှုအများဆုံးနိုင်ငံဖြစ်လာသကဲ့သို့ ဥရောပနိုင်ငံများ၌လည်း အိမ်ခေါင်မိုးအတော်များများတွင် ဆိုလာပြားများတပ်ဆင်အသုံးပြုလာကြသည်။

ပြီးခဲ့သည့်နှစ်က အဆိုပါစွမ်းအင်ကို ချမ်းသာသောနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုထုတ်ယူသုံးစွဲလာကြသည်ကိုလည်း လေ့လာတွေ့ရှိရပေသည်။

ပြန်လည်ပြည့်ဖြိုး

ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အမေရိကန်ဒေါ်လာ ၇၂ ဘီလီယံဖိုး ရှိသည်ဟုဆိုသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး အမေရိကန် ဒေါ်လာ ၄၈ ဒသမ ၉ ဘီလီယံဖိုးရှိသည်။ ယင်းမှာ ၂၀၀၉ ခုနှစ်ကထက် ၂၈ ရာခိုင်နှုန်းတိုးလာသည်။

ထိုအတောအတွင်း အိန္ဒိယနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံဖိုးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

၂၀၁၀ ခုနှစ်အတွင်း တောင်အမေရိကတိုက်နှင့် အမေရိကတိုက် အလယ်ပိုင်းနိုင်ငံများ၏ ၄င်းစွမ်းအင်ရင်းနှီးမြှုပ်နှံ သုံးစွဲမှုမှာ ၂၀၀၉ ခုနှစ်ကထက် ၃၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများသည်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှု သိသိသာသာမြင့်တက်ခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၁၀၄ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

ကိုးကား-အင်တာနက်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဥပုသ်တော်သီလ** တရားတော် (မဟာဗောဓိမြိုင် ဆရာတော် ဝနဝါသီဥဒ္ဒေယျဓမ္မသာမိ မဟာထေရ်)
၆:၃၅ စွယ်တော်လေးဆူ ဆုပန်ယူ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၆)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၈)
၈:၅၀ မကွေးမြို့တွင်ဆင်ယင်နွှဲ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၉:၀၅ သင်ယူလေ့လာ အင်္ဂလိပ်စာ Nexus Language Centre မှာ
၉:၂၀ နှစ်စဉ်ဝင်ငွေတိုးစေဖို့… သစ်မွေးစိုက်ကြစို့
၉:၄၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၂၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
၁၀:၄၀ သွားမယ်စားမယ် MRA Food Court (Part-2)
၁၁:၁၅ MNL Preview
၁၁:၅၀ ဟိုတယ်လမ်းညွှန် (မန္တလေးဆီဒိုးနားဟိုတယ်)
၁၂:၂၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ မြိုင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း
၁:၀၀ **ဥပုသ်တော်သီလ** တရားတော် (မဟာဗောဓိမြိုင် ဆရာတော် ဝနဝါသီဥဒ္ဒေယျဓမ္မသာမိ မဟာထေရ်)
၁:၃၅ ရှင်တော်မဟာမုနိ…ဘဂဝါ ပူဇေမိ
၂:၀၀ MRTV-4 သတင်း
၂:၂၀ Goals of the Week
၃:၀၀ Recycled meanings ဓာတ်ပုံပြပွဲသို့တစ်ခေါက်
၃:၁၅ ကျန်းမာပျော်ရွှင်ခြင်းအတွက် Kent အိမ်သုံးရေသန့်စက်
၃:၃၅ Praram 9 Hospital (အပိုင်း-၁)
၃:၅၀ ကြည့်ရှုစရာသတ္တဝါအစုံအလင်နဲ့ အပန်းဖြေအနားယူနိုင်တဲ့ ဗန်ကောက်မှ Safari World
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၈)
၅:၀၀ Eushido နှင့် သူ၏ချစ်သူများ
၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
၆:၀၀ MRTV-4 သတင်း
၆:၂၀ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလှဲ) (အပိုင်း-၅)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၇)
၇:၂၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ်ရဲ့ သတို့သမီးဖက်ရှင်)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ရခိုင်ပြည်နယ် ဓမ္မာရုံမှ အလှူတော်မင်္ဂလာ
၈:၄၀ Activities in the City ဗုဒ္ဓနှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်ဟောပြောပွဲ
၈:၅၀ Kid ' s Show
၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၉)
၁၀:၂၀ VJ Choice
၁၀:၄၀ မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီ လူမင်း-ခင်စံပယ်ဦး၊ R ဇာနည်-ဝမ်း)
၁၁:၅၅ ပရီမီယာလိဂ်ရှင်ခုနှံသံ
၁၁:၂၅ **မေတ္တာရောင်ပြန်** ဇေယျ၊ ဦးဝင်းမြင့်၊ စိုးမိုးကြည် ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၁၁:၄၀ သူတို့ပြောတဲ့သူတို့အကြောင်း (ဖူးစုံနှင့်တွေ့ဆုံခြင်း)
၁၂:၁၀ ခံစားမှုရသစုံလင်·· အမျိုးသားကန်တော်ကြီးဥယျာဉ်
၁၂:၃၀ World of Knowledge (Inside The World's Biggest Cruise Ship)
၁:၁၅ ရလဒ်ကောင်းများနှင့် Organic
၁:၂၅ Box Office Movies (300)
၂:၀၀ ဆီထွက်သီးနှံများထဲမှ ဆီအုန်း
၂:၁၀ လှပချစ်စရာ လက်မှုအနုပညာ (Pretty in Day & Night)
၂:၄၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၄:၄၀ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၄:၅၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူစွာထုတ်ပေးနိုင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ တင်ပြခဲ့ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များကို မိမိဝန်ကြီးဌာနအနေဖြင့် ပြည်သူ့အသံဟု အလေးအနက်မှတ်ယူပြီး မိမိဌာနနှင့်သက်ဆိုင်သည့် တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာ၌ သတ်မှတ်ကုန်ကျငွေဖြင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီမံချက်များချမှတ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

နတ်တလင်းအသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၅

နတ်တလင်းအသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် ၁၅၃ (၃-က) ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂ ၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၆၆၂၇၈၊ ဦးမြင့်ဆွေ ဖုန်း-၅၁၈၀၈၆၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဦးသိန်းထွန်း ဖုန်း-၅၈၄၃၀၅၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၀၀၁၆၉၁၊ ဦးဝင်းအောင် ဖုန်း-၀၉-၈၆၁၇၈၇၆နှင့် ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၁၄၆၂၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၁၅-၇-၂၀၁၁

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရွှေဘို၌ကျင်းပ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၇ နာရီက ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာ နိဗ္ဗာန်ဆိပ်ဦးဘုရားဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးသောင်းဦးတို့က သစ်ပင်စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်၊ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှု အခြေအနေတို့ကို တက်ရောက်လာကြသူများအား ရှင်းလင်းဆွေးနွေးဟောပြောပြီး တမာ ၅၀၀၊ စိန်ပန်းကြီး ၃၀၀၊ ကုက္ကို ၅၀၀၊ ယင်းမာ ၂၀၀၊ မဲဇလီ ၁၀၀၊ ခရေ ၅၀၊ ကျွန်း ၅၀၊ စိန်ပန်းလေး ၁၅၀ စုစုပေါင်း အပင် ၁၈၅၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၅၀)

သစ်ပင်စိုက်ပျိုးပွဲ ကျွန်းလှမြို့၌ ကျင်းပ

ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက် အမှတ် (၂)အခြေခံပညာ မူလတန်းကျောင်း၌ ဇူလိုင် ၂ ရက် နံနက် ၇နာရီက သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်သန်းမျိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ဝင်များက ရတနာတန်းဝင် ကျွန်း၊ တမာ၊ မဟော်ဂနီ၊ ခရေ၊ မဲဇလီနှင့် ယူကလစ် စုစုပေါင်းအပင် ၁၃၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က ကြံခင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၂၄/၀)၌ ကျင်းပရာ ဟင်္သာတခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်းပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်သစ်တော)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကွမ်းလုံ၌ ကျင်းပ

ကွမ်းလုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက မြို့ဦးစေတီအနီး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များပေးအပ်သည်။ **(အောက်ပုံ)** ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကျွန်း ၁၅၀၊ ပျဉ်းကတိုး ၁၀၀၊ ယူကလစ် ၃၅၀ နှင့် မန်ကျည်း ၅၀ စုစုပေါင်း အပင် ၆၅၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ ဘိုကလေး၌ ကျင်းပ

ဘိုကလေးမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ဘိုကလေး-ဖျာပုံ မော်တော်ကားလမ်းဘေးရှိ သကံ- မြင်းကကုန်း လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးကံထွန်းနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ငု၊ စိန်ပန်း၊ မန်ဂျန်ရှား၊ မာလာလူးကားနှင့်သင်းဝင်ဖြူ ပျိုးပင် ပေါင်း ၄၀၀၀ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေးမြို့၌ကျင်းပ

မွန်ပြည်နယ် ရေးမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီခွဲက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရဲထွန်းနှင့်သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ကံ့ကော်၊ မယ်ဇယ်၊ မဲဇလီ၊ အနန်းဖို၊ ယူကလစ်၊ ကရက်စီကာပါရှား၊ ရေတမာ၊ တရုတ်တမာ စုစုပေါင်း ၂၃၁ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။**(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းအတိုအထွာ ၁၅-၇-၂၀၁၁

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဗန်းမော်၌ဟောပြော

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဟောပြောပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗန်းမော်မြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးသောင်းနိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်နိုင်သည့်နည်းလမ်းများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကျွန်းနှင့် သစ်မာမျိုးစုံ စိုက်ပျိုးတည်ထောင်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။ (မြို့နယ်သစ်တော)

ကွန်ပျူတာနှင့်ပရိဘောဂများ ကျိုင်းတုံ၌လှူဒါန်း

ကျိုင်းတုံမြို့နယ်တွင် ကွန်ပျူတာနှင့် ပရိဘောဂများ လှူဒါန်းပွဲကို ဇူလိုင် ၄ ရက် နံနက်က ကျိုင်းတုံအမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။ အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးပီတာသောင်းစိန်၊ ဦးအားဖာ၊ ဖာသာစတီဖင်အားနိုတို့က ငွေကျပ်သိန်း ၂၀၀ ခန့် တန်ဖိုးရှိ ကွန်ပျူတာ၊ ပရိဘောဂနှင့် ချို့တဲ့ကျောင်းသားများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနုယဉ်ကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ပြည်နယ် ပြန်/ဆက်)

ပညာသင်စရိတ်ထောက်ပံ့ကြေး ပေါင်မြို့၌ပေးအပ်

မွန်ပြည်နယ် ပေါင်မြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက်က ပေါင်မြို့နယ် မထသရုံးခန်းမ၌ ကျင်းပရာ ပေါင်မြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၂ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၈၈၁၀၀၀ ကို မြို့နယ်မထသဥက္ကဋ္ဌနှင့် အမှုဆောင် ဦးတင်ကိုကိုတို့က ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်း၌ မွေးမြူရေးခြံများ ပိုးသတ်ဆေးဖျန်း

မိုးညှင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်မြင့်၊ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် ဝန်ထမ်းများသည် ဝက်နားရွက်ပြာရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ဇူလိုင် ၁ ရက်က မိုးညှင်းစည်ပင်သာယာဈေးအတွင်းရှိ ဝက်သားရောင်းချသည့်ဆိုင်များနှင့်မြို့ပေါ်ရပ်ကွက်များရှိ ဝက်မွေးမြူရေးခြံများကို ပိုးသတ်သန့်စင်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး တောင်ကြီး၌အသိပညာပေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တောင်ကြီးခရိုင်ရုံးမှ ခရိုင်လျှပ်စစ်အင်ဂျင်နီယာဦးမြင့်သိန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်မြင့်နှင့် ဝန်ထမ်းများသည် ဇွန် ၂၄ ရက်က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လျှပ်စစ်ဓာတ်အားစနစ်တကျသုံးစွဲနိုင်ရေး၊ လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ နံရံကပ်ကြော်ငြာများ၊ မြေစိုက် ပိုစတာများ စိုက်ထူခြင်းကို ရုံး၊ ဈေး၊ ကျောင်းများနှင့် ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်၌ အခမဲ့ဆေးဝါးကုသ

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် အခမဲ့ဆေးဝါးကုသပေးမှုကို ဇွန် ၂၅ရက် မွန်းတည့် ၁၂ နာရီက ဇရပ်ကွင်း(၁) ကျေးရွာတွင် ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်က အမှာစကားပြောကြားပြီး ကျေးရွာကျန်းမာရေးမှူး ဒေါ်အေးအေးမူက ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေး ရောဂါများအကြောင်းကို ရှင်းလင်းပြောကြားကာ လူနာ ၁၀၀ အား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး နောင်ချို၌ဟောပြော

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူးကျင်းပသော ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဝက်မွေးမြူရေးဆိုင်ရာ ပညာရပ်များ ပညာပေးဟောပြော ဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၁၁ နာရီက နောင်ချိုမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အားမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခင်လှရွှေနှင့် ဒေါက်တာကျော်အောင်တို့က ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် ဝက်မွေးမြူရေးဆိုင်ရာ ပညာရပ်များကို ပညာပေးရှင်းလင်းဆွေးနွေးဟောပြောကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သတင်းမီဒီယာသင်တန်းသားများ တောင်ကြီး၌ ကွင်းဆင်းလေ့လာ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံး တောင်ကြီးမြို့မှ ကြီးမှူးဖွင့်လှစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် သတင်းမီဒီယာသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းသား သင်တန်းသူများ ကွင်းဆင်းလေ့လာမှုကို သင်တန်းကြီးကြပ်သူများ လိုက်ပါလျက် ဇူလိုင် ၃ ရက် နံနက်က အဖွဲ့သုံးဖွဲ့ခွဲ၍ တောင်ကြီးမြို့ပေါ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ ရှမ်းပြည်နယ်ယဉ်ကျေးမှုပြတိုက်၊ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် မြို့မဈေးကြီး၊ တောင်ကြီးမြို့ပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် သွားရောက်လေ့လာကြပြီး သင်တန်းသား သင်တန်းသူများက သတင်းအချက်အလက်နှင့်ဓာတ်ပုံများ လက်တွေ့ရေးသားရိုက်ကူးကြကြောင်း သိရှိရသည်။ (၁၄၁)

● *ကျော့ဖုံးမှ*

အောင်ငွေးမင်း စက်လှေပိုင်ရှင် ကိုတင်ဝင်းက ပြောပြနေစဉ်မှာပင် ကမ်းတစ်လျှောက် လမုတောများ၊ ဓနိတောကြီးများ ခြံရံပေါက်ရောက်နေသော လှိုင်းဘုန်းချောင်းထဲသို့ ဝင်ခဲ့သည်။ ချောင်း၏ ညာဘက်ကမ်းပါးပေါ်တွင် လှိုင်းဘုန်း သစ်တောရုံး အဆောက်အအုံကို စတင်တွေ့လိုက်ရပြီး လှိုင်းဘုန်းမြေထဲသို့ ဝင်ခဲ့သည်။

ရှင်းပြပေး

"ဟိုရှေ့က ဆောက်လက်စ တံတားကတော့ လှိုင်းဘုန်းတံတားပါ။ ပေ အရှည် ၆၂၀၊ ပင်မတံတား ပေ ၅၀၀၊ အကျယ် ၁၃ ပေ ရှိပါတယ်။ အခုဖောက်လုပ်နေတဲ့ ကားလမ်းအသစ်တစ်ခုဖြစ်တဲ့ မော်ကျွန်း- လှိုင်းဘုန်း-ကွင်းပေါက်-ပြင်စလူအထိ ၅၇ မိုင်ရှိပြီး မကြာခင် လမ်းရော တံတားပါ ပြီးတော့မှာပါ။ ဒီတံတားနဲ့လမ်းပြီးရင်တော့ ကျွန်တော်တို့ ဒေသခံတွေ သွားရေးလာရေး အလွန်ကောင်းသွားမှာပဲဗျာ" ဟု တံတားကို လက်ညှိုးညွှန်ပြရင်း စက်လှေပေါ်တွင် ပါလာသူ လူငယ်တစ်ဦးမှ ဗဟုသုတဖြစ်ဖွယ် ပြောပြသည်။ မကြာပါ ကျေးရွာဈေးတန်းများကို ဖြတ်ကျော်ပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝေလွင်က အသင့်စောင့်ကြိုပြီး သိလိုသည်များကို ရှင်းပြပေးသည်။

"ကျွန်တော်တို့ လှိုင်းဘုန်းကျေးရွာအုပ်စုဟာ လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက်စွန်းနားမှာရှိပြီး လယ် ဧက ၆၇၃၄ ဧက ရှိပါတယ်။ ဓနိတောဧက ၃၀၀ ရှိပြီး တစ်နှစ်ကို ဓနိပျစ်ရေ တစ်ဧကကို တစ်သောင်းအထွက်နှုန်းနဲ့ဆိုရင် ဓနိပျစ်ရေ သိန်း ၃၀ ကျော် ထွက်ရှိပါတယ်။ ဥယျာဉ်ခြံတွေဖြစ်တဲ့ အုန်းခြံ၊ ကွမ်းသီးခြံတွေ အပါအဝင် အခြားခြံမြေ ဧရိယာဧက ၁၁၇၀ ရှိပါတယ်။ အဓိကထွက်ကုန်တွေကတော့ ဆန်စပါး၊ ဓနိ၊ ကဏန်း၊ ငါး၊ ပုစွန်တွေ ဖြစ်ပါတယ်။" ဆက်လက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက "လှိုင်းဘုန်းရွာမအနေနဲ့ အိမ်ရာသစ် ၁၅၈ လုံး အပြင် လိပ်ချောင်း စံပြရွာမှာ အိမ်ရာအလုံး ၁၆၀၊ ကံစု စံပြရွာမှာတော့ ၁၅၂ လုံး ဆောက်ထားပါတယ်။ လှိုင်းဘုန်းကျေးရွာအုပ်စုအတွင်း ၁၂ ရွာအပြင် ပတ်ဝန်းကျင် ကျေးရွာအုပ်စုဖြစ်တဲ့ ရေတွင်းကုန်း ကျေးရွာအုပ်စုက ပြည်သူတွေအတွက်ပါ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မယ့် ခုတင် ၁၆ လုံးဆံ့ တိုက်နယ်အဆင့်ရှိ ဆေးရုံတစ်ရုံလည်း ဆောက်လုပ်နေပါတယ်။ ကဏ္ဍစုံ ခေတ်မီတိုးတက်လာတာနဲ့အညီ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ အမြန်ဆုံးပြီးအောင် အခုမြင်ရတဲ့အတိုင်း အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်" ဟု ရှင်းပြပါသည်။ ဆက်လက်၍ သဘော်ဆိပ်နှင့် ဈေးမှရွာအရှေ့ပိုင်းသို့ ထွက်လာရာ စနစ်တကျ တည်ဆောက်ထားသော ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ၊ လှိုင်းဘုန်းရဲစခန်းနှင့် ခပ်လှမ်းလှမ်းတွင် တံတားဆောက်လုပ်ရေး လုပ်ငန်းခွင်ကို လှမ်းတွေ့လိုက်ရသည်။

လှိုင်းဘုန်းရွာ၏ မြင်ကွင်းများနဲ့ အိပ်မက်တောင် ထည့်မမက်နိုင်ခဲ့တဲ့ အရာတွေပါ။ အခုကျွန်တော်တို့ရွာမှာဆိုရင် ခိုင်ခံ့သပ်ရပ်တဲ့ အခြေခံပညာမူလတန်းကျောင်းအပြင် ကလေးထိန်း ကျောင်းတစ်ကျောင်း၊ နောက်ပြီး ရွာသစ်ရွာမှာ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းတစ်ကျောင်း၊ အခု ဆောက်လုပ်ဆဲ လှိုင်းဘုန်းတံတားကြီးနဲ့ အခု ဆရာတို့လာခဲ့တဲ့ရွာလမ်းက ၁၃ပေ အကျယ်၊ အုတ်ကျိုးခင်းလမ်းအပြင် အိမ်ရာသစ်တွေ၊ စက်ရေတွင်းတွေ၊ ရေသန့်စက်စတီးလ်ကန်ကြီး

လှိုင်းဘုန်းဆက်သွယ်ရေးစခန်းကိုတွေ့ရစဉ်။

အခုမြင်နေရတဲ့ ဆက်သွယ်ရေးစခန်းကိုလည်း နာဂစ်မုန်တိုင်းခံရပြီးနောက် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။

ကျေးရွာအုပ်ချုပ်ရေးမှူးက ရှင်းပြနေစဉ် အထက်တန်းကျောင်းအနီးရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးကိုလည်း တွေ့မြင်ခဲ့ရသည်။ ထို့အပြင် မနီးမဝေးရှိ ဆောက်လုပ်ဆဲ ၁၆ ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်း လေ့လာခွင့်ရခဲ့သည်။

၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ဝင်ခဲ့ရာ လုပ်ငန်းခွင်အတွင်း စီမံကိန်းအင်ဂျင်နီယာ ဦးသိန်းနိုင်က "ဒီလှိုင်းဘုန်း တိုက်နယ်ဆေးရုံကို အခုမြင်ရတဲ့အတိုင်း တိုင်များစိုက်ထူခြင်း၊ အောက်ခြေအခင်း ကွန်ကရစ်လောင်းခြင်း လုပ်ငန်းတွေ ကား သဘာဝဘေးခံခဲ့ရသည်ဟုပင် မထင်လောက်စရာ၊ အဆောက်အအုံများ၊ တီဗွီစလောင်းတပ်ဆင်ထားသည့် လူနေ အိမ်ခြေများ၊ တယ်လီဖုန်း တပ်ဆင်ထားသည့် အိမ်ခြေများကို တွေ့ခဲ့ရသည်။

၎င်းအပြင် ကိုယ့်အားကိုယ်ကိုး မီးစက်များဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ထားမှုများအပြင် ကျေးရွာအတွင်းရှိ သစ်ပင်ကြီးငယ်၊ သီးပင်၊ စားပင်တို့ကလည်း အကိုင်းအခက်၊ အသီးအပွင့်တွေဝေလို့ စိမ်းလန်းစိုပြည်နေသည်။ လှိုင်းဘုန်း တစ်ဖက်ကမ်းရှိ ဆန်စက်ကြီးများ၏ ခေါင်းတိုင်ကြီးများတွင်လည်း မီးခိုးတွေ တလူလူတက်နေသည်။

"အခုလို တိုးတက်လာတာဟာ ကျွန်တော်တို့ ရွာသူရွာသားတွေအနေနဲ့ဆိုတော့ မုန်တိုင်းဖြစ်ပြီးစနဲ့ ယနေ့ကာလ ကွာခြားတိုးတက်လာတာ အမြင်ပါပဲခင်ဗျာ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ရှင်းပြသည်။

တိုးတက်မှုအသွင်အပြင်

ဆက်လက်ပြီး ရပ်မိရပ်ဖ ဦးစိုးသိန်းကလည်း "ကျွန်တော်တို့ဒေသမှာ အရင်ကာလက လမုတောတွေ၊ ကနစိုတောတွေ၊မဒမတောတွေနဲ့ သဘာဝရာသီဥတုမျှတပြီး သဘာဝအန္တရာယ်ကျရောက်တဲ့အခါ ကာကွယ်နိုင်ခဲ့ပေမယ့် ဒါတွေကို လူတွေ စည်းမဲ့ ကမ်းမဲ့ခုတ်ကြ၊ မီးသွေးတွေ၊ ထင်းတွေလုပ်ခဲ့ကြဆိုတော့ သဘာဝအန္တရာယ်ကျရောက်တဲ့အခါ ပိုပြီး ပြင်းပြင်းထန်ထန် ခံစားကြရတာပေါ့၊ အခုတော့ သင်ခန်းစာတွေရခဲ့ကြပါပြီ။ ဒါတွေကို သင်ခန်းစာယူပြီး သဘာဝတောတွေထိန်းသိမ်းဖို့ အသိတွေ ရှိလာပါပြီ၊ ဒါကြောင့် အခုသုံးနှစ်ကာလအတွင်းမှာ မြစ်ကမ်းလမ်းတစ်လျှောက် မြင်ခဲ့ကြရတဲ့အတိုင်း လမုတောတွေဟာ အားရစရာအလွန်ကောင်းနေပါပြီ"ဟု ရှင်းပြသလို မော်လမြိုင်ကျွန်းမြို့က အထွက်မှစ၍ မြစ်ကမ်းဝဲယာတစ်လျှောက် သစ်လွင်တောက်ပနေသည့် အဆောက်အအုံများနှင့်အတူ စည်ကားနေသည့် ကျေးရွာများ၊ ကမ်းစပ်မှ လမုတောများ၊ ဓနိတောများ၊ ညိုညိုဆိုင်းဆိုင်း အုန်းတောများ၏ အားရစဖွယ် မြင်ကွင်းများက လှိုင်းဘုန်းဒေသတစ်ခွင် တိုးတက်မှုအသွင်ကို ဖော်ပြလျက်ရှိပါကြောင်း မှတ်တမ်းပြု ရေးသားတင်ပြလိုက်ရပါကြောင်း. . . .။ ။

လှိုင်းဘုန်းစံပြကျေးရွာအနီးရှိ ဒီရေတောဖြစ်သည့် ဓနိခြံတစ်ခြံကို ဤသို့ တွေ့မြင်ရသည်။

သတင်းထောက်နှင့်ဓာတ်ပုံပညာသင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၁၅

သတင်းထောက်နှင့်ဓာတ်ပုံပညာသင်တန်း(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံး(မုံရွာ)မြို့၌ ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်သန်းဝင်း၊ မုံရွာမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဖေသန်းနှင့် အဖွဲ့ဝင်များ၊ ဂျာနယ်သတင်းထောက်များ၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဦးတင်သန်းဝင်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ)(သတင်းစဉ်)

သံတွဲခရိုင်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နဝမအကြိမ်စုပေါင်းလှူဒါန်းပွဲကို ၁၃၇၃ ခုနှစ် ဝါခေါင်လပြည့် ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် သုခိတာရာမပရိယတ္တိစာသင်တိုက် အထက(၄) ဗဟိုလမ်းနှင့် ပန်းတနော်လမ်းထောင့် စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးချစ်မောင် ဖုန်း-၀၉-၈၅၉၁ ၈၅၅၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၁၄၆၀၄၊ ဦးအောင်သန်း ဖုန်း-၇၃၀-၁၁၈၅၈၊ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၉၆၉၉၉၈၇၊ ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆နှင့် ဦးအောင်ကျော်ထွန်း ဖုန်း-၇၃၀-၁၅၅၂၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သံတွဲခရိုင်အသင်း)**

ပြည်မြို့နယ်ရှိ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက်က ပြည်မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပရာ သမဝါယမအသင်း ၁၃သင်း ၏ ဝင်ငွေကြေညာလွှာများကို မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်ချောက မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးလှမြင့်ထံ စုပေါင်းပေးအပ်စဉ်။

(မြို့နယ်ပြည်တွင်းအခွန်)

လမ်းကတ္တရာခင်း

ဇွန် ၂၀ ရက်က နတ်မောက်မြို့နယ် အထက(၁) လမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၅ ၈။ **သတိတစ်ချက်၊ တစ်သက်အမှား**
၈:၄၀ ၉။ **International News**
၈:၄၅ ၁၀။ **Local Talent**
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၀၅ ၂။ တေးဂီတအစီအစဉ်
၁၁:၁၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၅။ **Yan Can Cook**
၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၉)
၁၃:၄၅ ၇။ **(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို** (အလေးမ)
၁၄:၀၀ ၈။ **ကိုယ်ချင်းစာ**
၁၄:၃၅ ၉။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာ ဓမ္မစကြာဝတ်အသင်း၏ ဓမ္မစကြာဒေသနာတော် (အမေး၊ အဖြေ)
၁၄:၅၀ ၁၀။ **International News**
၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၀၅ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၁၅ ၃။ တေးဂီတအစီအစဉ်
၄:၂၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒအထူးပြုများ) (သင်္ချာ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၇။ ကဗျာပန်းဥယျာဉ်
၅:၁၅ ၈။ **ပျော်ရွှင်ဆင်နွှဲဝါဆိုပန်းခူးပွဲ**
၅:၃၀ ၉။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၅:၄၅ ၁၀။ **စိမ်းလန်းစိုပြည်မှုဆယ်မြေ**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (အေးမြတ်သီဟန်)
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂၇)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၃၁)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရုပ်ထွေးဆန်းကြယ်** (အပိုင်း-၂၃)
၂၁။ **ဂီတတံခါးလေးဖွင့်ပါဦး**
၂၂။ အစီအစဉ်ပြီး၏။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အကြံပြုဆွေးနွေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် ကုမ္ပဏီများမှ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး မုံရွာစီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးအောင်မြင့်က အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၆-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၂၁)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ကြယ်ကြွေချိန်ခဏလေး** မိုးမိုး၊ ချစ်သုဝေနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ကိုပေါက်)
၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄: ၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၈၄)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၃ ၃။ နိုင်ငံတော်သီချင်း
၄:၀၆ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၄:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၈။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၅၀ ၉။ လျှပ်တစ်ပြက်
၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၄။ လျှပ်တစ်ပြက်
၆:၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆:၄၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၂၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ အင်္ဂလိပ်စာသုတ
၂၃။ ယနေ့အတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၃၄)
၂၅။ **2011 FIFA Women's Women's World Cup (Germany)** Third Palce-France Vs Sweden (Live)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် လေးမျက်နှာမြို့ဝင်ဆိုင်းဘုတ် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို စစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဟန့်တားရေး သစ်ပင်များများစိုက်ပျိုးပေး

ဝင်းချစ် (အမျိုးသားစာပေဆုရ)

ယခုနှစ်မိုးရာသီတွင် သစ်ပင်သန်းပေါင်း ၃၀ စိုက်ပျိုးရန် နိုင်ငံတော်က စီမံထားကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာနကလည်း အပြည့်အဝ စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်း၌ပင် သစ်တောရေးရာဝန်ကြီးဌာနမှ ပျိုးပင် ၁၂ သိန်းနှင့် ရန်ကုန်မြို့စည်ပင်သာယာရေးကော်မတီမှ ပျိုးပင်သုံးသိန်း စုစုပေါင်းပျိုးပင် ၁၅ သိန်း စိုက်ပျိုးထားရန် စီစဉ်ထားကြောင်း ကြားသိရ၍ စာရေးသူ အနေဖြင့် အတိုင်းမသိ ဝမ်းမြောက်မိပါသည်။ ကမ္ဘာကြီးပူနွေးလာခြင်း၏ အကျိုးဆက်အဖြစ် ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်ရေးတွင် သစ်ပင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသော အဖိုးတန်ရတနာတစ်ပါးဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

သစ်ပင်များသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို ကောင်းကျိုးအမျိုးမျိုး ပေးနိုင်ပါသည်။ ကောင်းကျိုးများအနက် အရေးကြီးသော ကောင်းကျိုးအချို့မှာ-

(၁) စိမ်းလန်းစိုပြည်နေသော သစ်ပင်များကို မြင်တွေ့ရသူတိုင်း မျက်စိကိုအေးမြစေသော စက္ခုပသာဒအမြင်အာရုံ တိုးတက်ကောင်းမွန်စေပြီး စိတ်တွင်ကြည်နူး အေးချမ်းကာ လန်းဆန်းတက်ကြွစေပါသည်။

(၂) သစ်ပင်များရှိလျှင် အရိပ်ရခြင်းကြောင့် ယင်းအရိပ်ကျသည့်မြေကြီးက အခြားမြေကြီးများကဲ့သို့ မပူပါ။ ထို့ကြောင့် ရေနှင့် ရေငွေ့များကို ပို၍ ထိန်းနိုင်စွမ်းရှိပါသည်။ အပူချိန်နည်းပြီး အစိုဓာတ်ရှိသည့်အတွက် မြက်ပင်၊ ပေါင်းပင်နှင့် အခြားအပင်ငယ်များ ပေါက်လာနိုင်ပါသည်။ ၎င်းအပင်ငယ်လေးများကြောင့်လည်း မြေဆီသြဇာနှင့် မိုးရေကို ပိုမိုထိန်းသိမ်းပေးနိုင်သည့်အပြင် အပင်လုံးဝမရှိသော မြေကြီးနှင့်စာလျှင် အပင်များရှိသောမြေကြီးက နေရောင်ခြည်ကိုစုပ်ယူမှု လျော့နည်းသည့်အတွက် အပူချိန်မြင့်တက်မှု နည်းပါသည်။ ထို့ကြောင့် အပင်များရှိသည့် နေရာကို ဖြတ်သန်းတိုက်ခတ်လာသော လေ၏ အပူချိန်သည်လည်း လျော့နည်းသွားမည် ဖြစ်ပါသည်။ ထို့ပြင် သစ်ပင်များက လေထုထဲတွင်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူခြင်းကြောင့် အပူကို စုပ်ယူသော မှန်လုံအိမ်ဓာတ်ငွေ့တစ်မျိုးဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လေထုထဲတွင် လျော့နည်းသွားသည်နှင့်အမျှ အပူချိန်မြင့်တက်စေမှုကို အနည်းနှင့်အများ တားဆီးပေးနိုင်မည် ဖြစ်ပါသည်။ သစ်ပင်များများစိုက်နိုင်ပါက အရိပ်များများရပြီး ပတ်ဝန်းကျင်တွင်လည်း တခြားအပင်ငယ်များ ရှင်သန်လာမည်ဖြစ်သဖြင့် အပူချိန်ကို ကျဆင်းစေနိုင်မည် ဖြစ်ပါသည်။

(၃) သစ်ပင်များရှိလျှင် မိုးရေသည် မြေကြီးပေါ်သို့ တိုက်ရိုက်မကျသည့်အတွက် မြေဆီလွှာတိုက်စားမှုနှုန်းကို လျော့ကျစေပါသည်။ ဆည်မြောင်း၊ ချောင်းကန်နှင့် မြစ်များတွင်လည်း မိုးရေနှင့်အတူ ပါလာသော မိုးရေများစီးဆင်းရာတွင် တိုက်စားလာသည့် သဲ၊ ကျောက်၊ မြေများကို လျော့နည်းစေနိုင်ပါသည်။ တစ်နည်းအားဖြင့် ဆည်မြောင်း၊ ချောင်းကန်များ၊ မြစ်ချောင်းအင်းအိုင်များသို့ အနည်ပို့ချမှုကို နှေးကွေးစေပါသည်။ ထို့ကြောင့်ပင် သစ်တောဦးစီးဌာနမှ ရေဝေရေလဲ ဒေသများတွင် သဘာဝသစ်တောများကို ထိန်းသိမ်းထားသည့်အပြင် သစ်တောစိုက်ခင်းများကိုလည်း တည်ထောင်စိုက်ပျိုးပေးခြင်း ဖြစ်ပါသည်။

(၄) သစ်ပင်များသည် လေပြင်းများတိုက်ခတ်ရာတွင် ပါလာတတ်သော ဖုန်မှုန့်သဲမှုန့်များကို လယ်ယာသီးနှံစိုက်ခင်းများ၊ အလုပ်ရုံစက်ရုံများနှင့် အဆောက်အအုံများဆီသို့ မရောက်ရှိအောင် တားဆီးပေးနိုင်ပါသည်။ စာရေးသူ အလုပ်ဝင်စအချိန် (၁၉၆၇ ခုနှစ်) ဝန်းကျင်က ဝါဇီစက်ရုံရှိ စက်နှင့် စက်ပစ္စည်းများအား လေပြင်းနှင့်အတူ ပါလာတတ်သော ဖုန်မှုန့်သဲမှုန့်များကြောင့် ပျက်စီးမည့် အန္တရာယ်မှကာကွယ်ရန် သစ်တောဦးစီးဌာနမှ ယူကလစ်ပင်များ (လေကာတန်းများ-Shelter Belt)ကို စီမံချက်ချလျက် တည်ထောင်စိုက်ပျိုးခဲ့သော လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ရေးသားပြုစုထားသည့် သုတေသနစာတမ်းတစ်စောင်ကို မြန်မာနိုင်ငံ သုတေသနဆွေးနွေးပွဲ၌ ဖတ်ကြားတင်သွင်းခဲ့သည်ကို စာရေးသူ နားထောင်ခဲ့ဖူးပါသည်။

(၅) မြို့ပြကျေးရွာများဝန်းကျင်၌ သစ်တောအုပ်များ (Wind Break Forests) သည် လေပြင်းမုန်တိုင်းများ၏ အရှိန်ကို လျော့ကျစေနိုင်ပါသည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က ဒီရေတောများ (Mangrove Forests)နှင့် နီးကပ်သည့် ကျေးရွာများက အခြားကျေးရွာများထက် မုန်တိုင်းဒဏ်ခံရမှု သက်သာခဲ့ကြောင်း သိရှိရပါသည်။

သစ်ပင်များသည် လေထုအတွင်းရှိ မှန်လုံအိမ်ဓာတ်ငွေ့များတွင် အဓိကပါဝင်နေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူနိုင်သည့် (တစ်နည်းအားဖြင့် လေထုအတွင်းမှဖယ်ရှားပေးနိုင်သည့်) တစ်ခုတည်းသော အရင်းအမြစ်ဖြစ်ပါသည်။ ထို့ကြောင့် သစ်ပင်များသည် ကမ္ဘာကြီးပူနွေးမှုကို လျော့ကျစေပြီး ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကို ဟန့်တားတိုက်ဖျက်ရာတွင် အဖိုးတန်ရတနာတစ်ပါး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးက သဘာဝသစ်တောကြီးများကို စနစ်တကျ စီမံအုပ်ချုပ်ထိန်းသိမ်းလျက်ရှိကြသည်သာမက သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ မြို့ပြကျေးရွာများတွင် သစ်ပင်များစိုက်ပျိုးခြင်း စသည်များကို အလေးထားဆောင်ရွက်နေကြပါသည်။

မြန်မာနိုင်ငံတွင်လည်း သဘာဝတောထိန်းလုပ်ငန်းများ၊ သဘာဝသစ်တောများအတွင်း ကွက်လပ်ဖြည့်စိုက်ခင်းများ တည်ထောင်ခြင်း (Gap Planting) နှင့်တကွ နိုင်ငံပိုင် သစ်တောစိုက်ခင်းများ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀ စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေးဝဲယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ နှစ်စဉ်မိုးရာသီများတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များ အင်တိုက်အားတိုက် စိုက်ပျိုးခြင်း စသည်များကို ဆောင်ရွက်လျက်ရှိပါသည်။ ယမန်နှစ် မိုးရာသီကလည်း သစ်ပင်ပေါင်း ၁၆ သန်းခန့်ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။

၉ပေ× ၉ပေ အကွာစိုက်ပျိုးထားသည့် သစ်တောစိုက်ခင်း တစ်ဧကတွင် သစ်ပင်ပေါင်း ၅၄၀ ရှိသဖြင့် ယခုမိုးရာသီတွင် စိုက်ပျိုးမည့် သစ်ပင်ပေါင်း သန်း ၃၀ သည် သစ်တောစိုက်ခင်းဧရိယာ ၅၅၅၅၆ ဧကနှင့် ညီမျှပါသည်။ သစ်တောစိုက်ခင်း တစ်ဧကမှ လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို တစ်နှစ်လျှင် ပျမ်းမျှ ၅ ဒသမ ၂၁ မက်ထရစ်တန်ခန့် စုပ်ယူနိုင်ခြင်းကြောင့် စာရေးသူတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများက ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးကြမည့် သစ်ပင်ပေါင်း သန်း ၃၀ က လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးမည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏပေါင်းမှာ ၂၈၉၄၄၇ မက်ထရစ်တန်ခန့်ရှိမည် ဖြစ်ပါသည်။ ဤပမာဏသည် စာရေးသူတို့ စိုက်ပျိုးထားသော သစ်ပင်များ ရှင်သန်နေသမျှ ကာလပတ်လုံး လေထုအတွင်းမှ နှစ်စဉ်ဖယ်ရှားပေးနေမည့် ပမာဏဖြစ်ပါသည်။

သုတေသနပြုချက်များအရ ပုံမှန်အင်ဂျင်တပ်ဆင်ထားသည့် မော်တော်ကားတစ်စီးသည် ဓာတ်ဆီ တစ်ဂါလန်ကုန်အောင်မောင်းနှင်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ (CO_2) ၁၀ ဒသမ ၃၉၅ ကီလိုဂရမ်၊ မီသိန်း ဓာတ်ငွေ့ (CH_4) ၀ ဒသမ ၀၀၀၄၅ ကီလိုဂရမ်နှင့် နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့ (N_2O)၀ ဒသမ ၀၀၀၀၉ ကီလိုဂရမ် ထုတ်လွှတ်နိုင်ကြောင်း မှတ်သားရပါသည်။ အပူကိုစုပ်ယူနိုင်မှု တစ်နည်းအားဖြင့် ကမ္ဘာကြီးပူနွေးအောင် စွမ်းဆောင်မှု (Global Warming Potentials-GWP)တွင် မီသိန်းသည် ကာဗွန်ဒိုင်အောက်ဆိုက်၏ ၂၁ ဆ၊ နိုက်ထရပ်စ်အောက်ဆိုက်သည် ကာဗွန်ဒိုင်အောက်ဆိုက်၏ အဆ ၃၀၀ ရှိသောကြောင့် ဖော်ပြပါဓာတ်ငွေ့သုံးမျိုး၏ ထုတ်လွှတ်မှု ပမာဏပေါင်းသည် ကာဗွန်ဒိုင်အောက်ဆိုက် (CO_2 equivalent ဖြင့် ဖော်ပြလေ့ရှိပါသည်) ၁၀ ဒသမ ၄ ကီလိုဂရမ်ခန့်နှင့် ညီမျှပါသည်။ ထို့ကြောင့် တစ်ရက်လျှင် ဓာတ်ဆီ တစ်ဂါလန်သုံးစွဲသည့် မော်တော်ကားတစ်စီးမှ တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၃ ဒသမ ၈ မက်ထရစ်တန်ခန့် ထုတ်လွှတ်ပါမည်။ ထိုနည်းတူပင် ဒီဇယ် ၁ ဂါလန်မှ ကာဗွန်ဒိုင်အောက်ဆိုက် ၁၂ ဒသမ ၆ ကီလိုဂရမ်ခန့် ထုတ်လွှတ်သဖြင့် တစ်ရက်လျှင် ဒီဇယ် တစ်ဂါလန်သုံးစွဲသည့် မော်တော်ကားတစ်စီးမှ တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၄ ဒသမ ၄ မက်ထရစ်တန်ခန့် ထုတ်လွှတ်ပါမည်။ ထို့ကြောင့် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးမည့် သစ်ပင်ပေါင်း သန်း ၃၀ က လေထုအတွင်းမှ တစ်နှစ်လျှင် စုပ်ယူပေးမည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏပေါင်း ၂၈၉၄၄၇ မက်ထရစ်တန်ခန့်သည် ဓာတ်ဆီမော်တော်ကားအစီးပေါင်း ၇၆၁၇၀ သို့မဟုတ် ဒီဇယ်မော်တော်ကားပေါင်း ၆၅၇၈၃ စီးက တစ်နှစ်အတွင်း ထုတ်လွှတ်မည့် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏပေါင်းနှင့် တူညီပါသည်။ ထို့ကြောင့် ဖော်ပြပါ မော်တော်ကားများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့များကို ယခုနှစ် စိုက်ပျိုးမည့်သစ်ပင်များက စုပ်ယူပေးမည်ဖြစ်ပါသည်။ မြင်လွယ်သော သာဓကတစ်ခုကို ပြခြင်းသာ ဖြစ်ပါသည်။ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့စသည့် ရုပ်ကြွင်းလောင်စာများ သုံးစွဲသောလုပ်ငန်းများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကိုလည်း သစ်ပင်များက စုပ်ယူပေးမည်ဖြစ်ပါသည်။

ကမ္ဘာ့လေထုသည် တစ်ဆက်တစ်စပ်တည်းရှိနေသဖြင့် ယခုဆောင်ရွက်မှုသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက လူသားမျိုးနွယ်အားလုံးကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လျော့နည်းလာသည်နှင့်အမျှ ကမ္ဘာကြီးပူနွေးလာမှုလျော့နည်းပြီး ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကို မိမိတို့တတ်စွမ်းသမျှ ဝိုင်းဝန်းပါဝင် ဟန့်တားရေးအတွက် စာရေးသူတို့အားလုံး ယခုနှစ် မိုးရာသီတွင် သစ်ပင်များကို အင်တိုက်အားတိုက် စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ပြည်ခရိုင်အတွင်းရှိ လမ်းများကိုလည်းကောင်း၊ ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်းတစ်လျှောက် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုးရာသီကာလ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** မိုင်တိုင်အမှတ် (၄၀/၀)နှင့်(၄၀/၁)အကြား လမ်းဘေးမြေနံရံများ ကြွခိုင်မှုရှိရေး၊ ကျောက်စီရေကာနံရံများ ဆောင်ရွက်ရေးနှင့် လမ်းပေါ်၌ရေမတင်စေရေး၊ လမ်းဘေးတစ်လျှောက် ရေမြောင်းတူးဖော်ရေးနှင့် ကန့်လန့်ဖြတ် ရေမြောင်းများဆောင်ရွက်ရေး၊ လမ်းဘေးသစ်ပင်များ အလင်းဖွင့်ခြင်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၄၄/၅) နှင့်(၄၄/၆)အကြား ကျောက်စီနံရံ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ခရိုင်အဖွဲ့များနှင့် အထူးအဖွဲ့(၅)ဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယင်းလမ်းသည် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)နှင့် (အနောက်ခြမ်း)တို့အား ဆက်သွယ်ဖောက်လုပ်ထားသော ရိုးမဖြတ်လမ်းဖြစ်ကြောင်း၊ တောင်ပေါ်လမ်းဖြစ်၍ မိုးဒဏ်၊ လေဒဏ်အများဆုံးခံရသဖြင့် တာဝန်ယူထိန်းသိမ်းရမည့် ခရိုင်များနှင့် အထူးအဖွဲ့များက လိုအပ်သော နေရာများ၌ အချိန်ပြည့် လမ်းထိန်းသိမ်းခြင်း၊ လမ်းတစ်လျှောက် လမ်းညွှန်ဆိုင်းဘုတ်၊ အသိပေးဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်များ စနစ်တကျ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကာ ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ့်ကူးမြို့၌ ဆောက်လုပ်ဆဲ အာရုံခံတန်ဆောင်း အတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

ဆီမီး ၉၉၀၀အဖွဲ့အင်းစိန်က ကြီးမှူး၍ ညောင်ဦးမြို့နယ် စဉ့်ကူးမြို့ မြို့ကုန်းရပ်ကွက် စိန္တာမုနိစေတီတော်ကြီး၏ ရင်ပြင်တွင် တည်ဆောက်လျက်ရှိသော ၉၉၀၀အာရုံခံတန်ဆောင်းကြီးကွန်ကရစ်တိုင်တစ်လုံးအတွက် အလှူငွေ ပေးအပ်ပွဲကို ဇူလိုင် ၁၃ ရက်က အင်းစိန်မြို့ရှိ ဆီမီး ၉၉၀၀ ရုံး စုပေါင်းရုံးဝင်း၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ဦးစံလွင်၊ ဒေါ်မြင့်မြင့်၊ သမီးဒေါ်လှလှဝင်း (အလက-၄၊ ကျောင်းအုပ်ဆရာမကြီး)မိသားစု၊ တပည့်များဖြစ်ကြသော ဒေါ်ကြည်ကြည်အေး (အလယ်တန်းပြ အလက-၄)နှင့် မကေသီထွန်း၊ အရှေ့ကြို့ကုန်း ရပ်ကွက်နေ ဦးမောင်မောင်- ဒေါ်တင်ကြည်၊ အမှတ် ၁၅၃ ငွေစံပါယ်လမ်း(၃)ရပ်ကွက် မရမ်းကုန်းနေ ဦးသန်းထွန်း- ဒေါ်လော်တီ မိသားစုတို့က အလှူငွေ ကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းသဖြင့် အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ၊ အဖွဲ့အတွင်းရေးမှူးဦးခင်မောင်ညွှန့်နှင့်တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့က လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(အောက်ပုံ)(ဝ၃၁)**

အလေးချိန်ခွင်မှန်ကန်ရေး ကွင်းဆင်းဆောင်ရွက်

ကျုံပျော် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့မဈေးတွင် အလေးချိန်ခွင်မှန်ကန်စွာရောင်းချရေးအတွက် ဒေါ်နီနီလွင် ဒုတိယဦးစီးမှူး (အခွန်)နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးဝန်ထမ်းများက ဇွန် ၂၈ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ဇူလိုင် ၂ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးပေါချိန်နှင့်အဖွဲ့က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ တောင်ရိုးကွင်း-လယ်တီ ကျေးရွာချင်းဆက်လမ်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်ဝင်းက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ပျိုးပင်များ ပေးအပ်ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်တို့က တက်ရောက်လာကြသူများအား ပျိုးပင်များပေးအပ်ကာ ကျွန်း၊ ခရေ၊ မဟော်ဂနီ၊ ယူကလစ် အပင် ၁၀၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။ **(၁၁၁)**

လက်ခံယူ

ဇူလိုင် ၁၄ ရက်က ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀ကို **Charles & Keith (Myanmar)** မှ **Brand Manager** ဒေါ်နှယ်ဥ်ဝင်းနှင့် **Creative Design Manager** ဦးတင်အောင်လတ်တို့ကပေးအပ်လှူဒါန်းရာ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းမှ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဦးလှမြင့်အောင်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲ ယင်းမာပင်၌ ကျင်းပ

ယင်းမာပင် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် သမဝါယမအသင်းများ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဝင်ငွေခွန် စုပေါင်း ပေးအပ်ပွဲကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဌေးက အမှာစကားပြောကြားသည်။

ထို့နောက် သမဝါယမအသင်းများ ကိုယ်စား ကပိုင်ကျေးရွာအုပ်စု ကဖြူ ကျေးရွာ ကံရာဇာခနေ သိဒ္ဓိစိုက်ထုတ် သမဝါယမအသင်း ဥက္ကဋ္ဌ ဦးငြိမ်းက ဝင်ငွေခွန်များ ပေးအပ်ရာ မြို့နယ်အခွန် ဦးစီးမှူး ဒေါ်မြင့်မြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် အဖွဲ့ဝန်ထမ်းများ ဇွန် ၃ ရက်က မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့ မြို့မရပ်ကွက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးသီဟဝင်းနှင့်အဖွဲ့က ရေမြောင်းများ၊ ဈေးများနှင့်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေနံချောင်းမြို့နယ် ဆုံတိုက်ရပ်ကွက်နှင့် ရွှေကြာငုံရပ်ကွက်တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၉ ရက်က စိန်ပန်းခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇာနည်အောင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း ရှင်းလင်းဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်နှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၂၈ ရက်က မြို့ပေါ် ရပ်ကွက်ရှိသောက်သုံးရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ ဇွန် ၂၅ ရက်က ဘိုကလေးမြို့ ဗိုလ်ဗထူးလမ်းနှင့် ဗိုလ်တေဇလမ်းတစ်လျှောက်ခြင်၊ ယင်များမပေါက်ပွားစေရေးအတွက် ပိုးလောက်လမ်းစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးခတ်ခြင်း ဆောင်ရွက်ကြစဉ်။ (ဝ၆၆)

◆ **ရှေ့ဖုံးမှ**

နေပြည်တော်ကောင်စီနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပ္ပါတသန္တိစေတီတော် တတိယအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားများကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါ အခမ်းအနားများသို့ နိုင်ငံတော်သြဝါဒါစရိယ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့ နာယက အဖွဲ့ဝင်များဖြစ်ကြသည့် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် နာယကအဖွဲ့ဝင်များ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သော စေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင်များသည် စေတီတော်လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ဗုဒ္ဓပဋိမာ ရုပ်ပွားဆင်းတုတော်များနှင့် ပန်းပေါင်းစုံ ဆုတောင်းပြည့် ရုပ်ပွားဆင်းတုတော်တို့အား ဝါဆိုရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာယူကြ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အထူးစည်ကား

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝတ်အသင်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြကာ စေတီတော်ကြီးအား ဆီမီး ထွန်းညှိပူဇော်ကြသည်။

အလားတူ နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်နှင့် စေတီတော် ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့၌ ဝါဆိုဦး သီလဆောက်တည်သူ နေပြည်တော်နေ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော် ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန်ဘုရားတို့၌လည်း ဒေသနေပြည်သူများက အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများဖြင့် ကပ်လှူခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်း စသည့် ဒါန၊ သီလ၊ ဘာဝနာ ပွားများအားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့က ဆူးလေစေတီတော် ရင်ပြင်ပေါ်၌ ကုသိုလ်ပြုသူ ဘုရားဖူးများဖြင့် စည်ကားစွာတွေ့ရစဉ်။ (သတင်းစဉ်)

ရွှေကြာသင်္ကန်းကပ်လှူ

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀) ပြည့်ပွဲတော် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစ၍ ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီး၌ ကျင်းပရာ နံနက် ၆ နာရီတွင် ရင်ပြင်တော် ဗုဒ္ဓဟူးထောင့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းရှေ့၌ ဂေါပကအဖွဲ့ဝင်များထံမှ ဥပုသ်သီလခံယူဆောက်တည်ကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်ရှိ မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့်အတူ အလှူရှင်များက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝါဆိုရွှေကြာသင်္ကန်းများဖြင့် ဆူးလေစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့နှင့် အလှူရှင်များက အရှေ့ဘက်မုခ်မှစတင်၍ အစီအစဉ်အတိုင်း ဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဓမ္မစကြာဒေသနာတော် ရွတ်ဖတ်ပူဇော်

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝတ်အသင်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြစဉ်။ (သတင်းစဉ်)

များက ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲကို ကျင်းပကြသည်။ နံနက် ၉ နာရီတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ သာသနာ့ဝေယျာဝစ္စဝတ်အဖွဲ့က ပဋ္ဌမအကြိမ် ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပကြပြီး ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့များနှင့် ပြည်သူများက ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဟောကြားချီးမြှင့်

ထို့အတူ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့စေတီတော်နှင့် ကျိုက္ကလဲ့စေတီတော်၊ မရမ်းကုန်းမြို့နယ်

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

များ ဦးဆောင်၍ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများက စေတီတော်အား ဝါဆိုရွှေကြာသင်္ကန်းတော်များဖြင့် လှည့်လည်ပူဇော်ကာ ကကုသန္ဓမြတ်စွာဘုရား၊ ကောဏာဂမနမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားနှင့် အထက်ပစ္စယာရှိ ပတ္တမြား မျက်ရှင်ဘုရားတို့အား ဝါဆိုရွှေကြာသင်္ကန်းများ ကပ်လှူကြသည်။

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀) ပြည့် အထိမ်းအမှတ်အနေဖြင့် စေတီတော်အား သစ်သီး (၂၆၀၀)၊ ပန်း (၂၆၀၀)၊ ဆီမီး (၂၆၀၀)၊ ရေတော် (၂၆၀၀) ပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို နံနက် ၇ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပကြသည်။ ဆက်လက်၍ ဓမ္မစကြာအခါတော်နေ့ ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ရာ၌ ဆုရရှိသော အသင်းများအား ဆုများချီးမြှင့်သည်။

သီလဆောက်တည်

ထို့နောက် ဝါတွင်းသီလခံယူပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးဧည့်ပရိသတ်များက သြဝါဒါစရိယဆရာတော်ကြီး

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဝါဆိုလပြည့်မှစ၍ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဆရာတော်ကြီးများ၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို စေတီတော်ရှိ ဂေါပကအဖွဲ့က ကြီးမှူး၍ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တစ်နေ့လျှင် နှစ်ကြိမ် ကျင်းပသွားမည်ဖြစ်သည်။

မဟာဝိဇယစေတီတော်၌ ယမန်နေ့မှစ၍ ဝတ်အသင်းပေါင်း ၂၀ က ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်လျက်ရှိသည်။

မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဓမ္မစကြာအခါတော်နေ့အကြောင်း မင်္ဂလာထောမနာစကား ပြောကြားခြင်း၊ ဓမ္မစကြာသုတ် ပါဠိတော်၊ အနတ္တလက္ခဏာသုတ် ပါဠိတော်တို့အား ရွတ်ဆိုပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး စေတီတော်ရှိ ရုပ်ပွားတော် ခုနစ်ဆူအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ နံနက် ၈ နာရီတွင် မာဂဓီသာစည်ဆရာတော်ကြီး၏တပည့် ကျောင်းသား ကျောင်းသူ

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၇ နာရီတွင် ရုပ်ပွားတော်မြတ်ကြီးနှင့် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြပြီး နံနက် ၈ နာရီတွင် ဂေါပကအဖွဲ့နှင့် ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာအခါတော်နေ့ အခမ်းအနား ကျင်းပကြသည်။

ဝါဆိုသင်္ကန်း

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ညနေ ၃ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူ

ရှိ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီးဘုရားနှင့် ခြောက်ထပ်ကြီးဘုရား၊ စမ်းချောင်း

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ရင်ပြင်၌ ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက် ရှိ သည် ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၅

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၂၉	၂၂	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၇	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၅	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၃	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

...သနာတော် ရွတ်ဖတ်ပူဇော်

...တ် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ...အသင်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ...တပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော် ...ရှိ မြို့နယ်များမှ ဝတ်အသင်းများက ဓမ္မစကြာ ...တ်ပူဇော်ကြစဉ်။ (သတင်းစဉ်)

...နှ့ပူဇော်ပွဲ ... ၉ နာရီ ...သာသနာ့ ...မအကြိမ် ...လှူဒါန်းပွဲ ... ဂေါပက ...ငြ် ပြည်သူ ...ဒါစရိယ ...ဝိုသင်္ကန်း

ဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြကာ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဟောကြားချီးမြှင့်

ထို့အတူ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့စေတီတော်နှင့် ကျိုက္ကလဲ့စေတီတော်၊ မရမ်းကုန်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဘုရား၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ

...ယလာဘ ... ဂေါပက ...နာရီတွင် ...ပကအဖွဲ့ ...ဦး ကိုးပါး ...ပ်လှူဒါန်း ... ဂေါပက ...ားက ဓမ္မ ...မ်းအနား

ရှိ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီးဘုရားနှင့် ခြောက်ထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်ရှိ သွန်းဘုရားကြီး ... (see column continuation)

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

မယ်လမု ဆုတောင်းပြည့်စေတီတော်၊ သာကေတမြို့နယ်ရှိ ဇိနမာရ်အောင်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ တွံတေးမြို့နယ်ရှိ ရွှေဆံတော်ဘုရား၊ ခရမ်းမြို့နယ်ရှိ သွန်းဘုရားကြီး အပါအဝင် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်များ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း၊ ဆရာတော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူခြင်း၊ ဒါန၊ သီလ၊ ဘာဝနာပွားများကြခြင်း စသည့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နံနက် ၄ နာရီခွဲတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တ

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ရင်ပြင်၌ ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက် ရှိ သည် ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

...ဂေါပက ...မ်မြောက် ...ဒါန်းပွဲကို ...တီတော် ...ဂေါပက ...တော်ထံမှ ...လ ခံယူ

ကျောက်တန်းမြို့ ရေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၌ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိစဉ်။ (၀၁၉)

ဥက္ကဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံ ဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ငါးလွှတ်ခြင်း၊ သီတင်းသီလဆောက်တည်ကြခြင်း စသည့် ကုသိုလ်ကောင်းမှုပြုကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ရေကြည်နှင့် အင်ပူမြို့နယ်တို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ရေကြည်မြို့နယ် ကိုင်းချောင်ကျေးရွာအုပ်စုရှိ ပန်းခရေလယ်ယာကုန်ထုတ်အသင်းစိုက်ပျိုးရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် အထွက်တိုးစပါးများ အသုံးပြုစိုက်ပျိုးသွားရေး၊ ခေတ်မီစက်ကိရိယာများနှင့် စိုက်နည်းစနစ်များ အသုံးပြု ဆောင်ရွက်သွားရေးတို့ကို မှာကြားကာ တောင်သူဒေါ်ငွေး၏ လယ်မြေ၌ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုများနှင့် စပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ပေးအပ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေကြည်မြို့ ရေကြည်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ အခမ်းအနားတွင် ရေကြည်ဆန်စပါးလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးမြတ်မင်းက လယ်ယာကုန်ထုတ်အသင်းများအတွက် ပံ့ပိုးငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံသည်။ ဆက်လက်၍ ဆေးပဒေသာပင်အတွက် အလှူငွေများကို အလှူရှင်များက ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေကြည်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှု ခံယူနေကြသော သံဃာတော်များနှင့် လူနာများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

အမှာစကား

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် အင်ပူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် လယ်ယာကုန်ထုတ်အသင်းတောင်သူများသို့ ကုမ္ပဏီများက စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဇမ္ဗူရွှေကုမ္ပဏီ ဒါရိုက်တာနှင့် သဘာဝသစ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာတို့က သွင်းအားစုများနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို ပေးအပ်ကြရာ လယ်ယာကုန်ထုတ်အသင်းများမှ တာဝန်ရှိသူများကလက်ခံကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လယ်ယာကုန်ထုတ်အသင်း တောင်သူများသို့ ပံ့ပိုးပေးအပ်မည့် သွင်းအားစုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၃ ရက်က တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ ဝိဇ္ဇာစရဏသမ္ပန္နော ဓမ္မာရုံဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီပရိဝုဏ်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) နှင့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

တိုးမြှင့်ပင်စင်လစာအကြောင်း သိကောင်းစရာများ

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများကို ၂၀၁၁ ခုနှစ် ဇူလိုင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်သဖြင့် ယခုအခါ ပင်စင်ဦးစီးဌာန ရုံးချုပ်၊ ရုံးခွဲများနှင့် ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများမှ တိုးမြှင့်ပင်စင်လစာတောင်းခံလွှာများ အခမဲ့ထုတ်ပေးလျက်ရှိပြီး ပင်စင်စားများကလည်း ပုံစံဖြည့်စွက်၍ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်တင်ပြတောင်းခံနေကြပြီ ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုကာလအတွင်း ပင်စင်စားများ၏ မေးမြန်းချက်များအပေါ် ပင်စင်ဦးစီးဌာန၏ ဖြေကြားချက်များကို ပြည်သူအများ ဂဃနဏ ရှင်းလင်းသိရှိနိုင်စေရန် စုစည်းဖော်ပြလိုက်ပါသည်။

၁။ မေး။ နိုင်ငံခြားတွင်ရောက်ရှိနေသော အငြိမ်းစားများအတွက် အထူးကိုယ်စားလှယ်လွှဲစာဖြင့် တိုးမြှင့်ပင်စင် လျှောက်ထားနိုင်ခွင့် ရှိ/မရှိ နိုင်ငံခြားတွင်ရောက်ရှိနေသော အငြိမ်းစားများအား အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားခြင်း ရှိ/မရှိ စိစစ်တင်ပြရန် လို/မလို။

ဖြေ။ ကိုယ်တိုင်တောင်းခံလွှာတင်ရပါမည်။ ပထမအကြိမ်တွင် လူတွေ့စိစစ်မည်ဖြစ်ပါသည်။ မြန်မာပြည်တွင် နေထိုင်ကြသော ပင်စင်စားများဟု ဖော်ပြပြီးဖြစ်သဖြင့် နိုင်ငံခြားတွင် အပြီးပြောင်းရွှေ့နေထိုင်သူများ အကျုံးမဝင်ပါ၊ နိုင်ငံခြားသို့ ခေတ္တသွားရောက်သူများ ပြန်ရောက်ရှိက ကိုယ်တိုင်ဆောင်ရွက်နိုင်ပါသည်။

၂။ မေး။ ဝန်ကြီးဌာန မိသားစုပင်စင်စားတစ်ဦးသည် မူလပင်စင်စား၏ မှတ်ပုံတင်ကို ရှာမတွေ့ပါက မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ။ မူလပင်စင်စား၏ မှတ်ပုံတင်နံပါတ်နေရာတွင် ကွက်လပ်ထား၍ တိုးမြှင့်ပင်စင်လစာကို တင်ပြနိုင်ပါသည်။

၃။ မေး။ ကုန်သွယ်လယ်ယာရုံး ဖွဲ့စည်းပုံဖျက်သိမ်း၍ ပြည်ထဲရေးနှင့် ထွေ/အုပ် တွဲဖက်တွင် လျော်ကြေးပင်စင်ခံစားသည့် ပင်စင်စားများအတွက် တိုးမြှင့်ပင်စင်လစာ ဘယ်မှာတင်ရမလဲ။

ဖြေ။ နီးစပ်ရာ မြို့နယ်/တိုင်းဒေသကြီး ထွေ/အုပ်ရုံးများတွင် သွားရောက်ဆောင်ရွက်နိုင်ပါသည်။

၄။ မေး။ ပင်စင်စားတစ်ဦးသည် မကျန်းမာ၍ ဘဏ်သို့မသွားရောက်နိုင်သဖြင့် သုံးနှစ်ခန့် နှစ်လွှန်ခဲ့ပါသည်။ ငွေစာရင်း Account ဖွင့်လှစ်ပြီး ပင်စင်လစာ ထည့်သွင်းသည့်စနစ်ဖြစ်၍ စာအုပ်မရှိပါ။ မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ။ မြန်မာ့စီးပွားရေးဘဏ်(၃)၏ ပင်စင်လုပ်ငန်းကို မြန်မာ့စီးပွားရေးဘဏ် (၅)မှ ဆောင်ရွက်ပေးပါသည်။ ပင်စင်စာအုပ်သည် ဘဏ်တွင်အပ်ထားခြင်း ဖြစ်နိုင်ပါသည်။ ဘဏ်သို့ ဆက်သွယ်ပြီး သွားရောက်ထုတ်ယူ၍ ပုံစံဖြည့်စွက်ကာ မြို့နယ်/တိုင်းဒေသကြီး သက်ဆိုင်ရာဌာနတွင် တင်ပြရန်ဖြစ်ပါသည်။ မကျန်းမာ၍ ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်နိုင်ပါသည်။ ဘဏ်သို့ ကိုယ်တိုင်သွားရောက်၍ ပင်စင်လစာ မထုတ်နိုင်ပါကလည်း ဘဏ်မန်နေဂျာထံ ပင်စင်စား မကျန်းမာကြောင်းပြောပြပြီး ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်နိုင်ပါသည်။ ဘဏ်မန်နေဂျာက လိုအပ်သလို စိစစ်ပြီး လစာထုတ်ပေးပါလိမ့်မည်။

၅။ မေး။ တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာတင်ရမည့် နောက်ဆုံးရက် သတ်မှတ်ထားခြင်း ရှိ/မရှိ။

ဖြေ။ နောက်ဆုံးရက် သတ်မှတ်ထားခြင်း မရှိပါ။ နိုင်ငံတော်က ခွင့်ပြုသည့် တိုးမြှင့်ပင်စင်ခံစားခွင့်ကို ခံစားခွင့်ရှိသူသည် ကာလ အကန့်အသတ်မရှိ တောင်းခံ ခံစားသွားရန်ဖြစ်ပါသည်။

၆။ မေး။ လက်ရှိပင်စင်လစာတိုးမြှင့်မှုတွင် တစ်လုံးတည်း (ပင်စင်လစာရောင်းဝယ်) ပင်စင်လစာနှင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။

ဖြေ။ ယခင် ပင်စင်လစာတွင် တစ်လုံးတည်း ပင်စင်လဲလှယ်ခဲ့ပါက တိုးမြှင့်ပင်စင်လစာအပေါ်တွင် လဲလှယ်ခဲ့သည့် ရာခိုင်နှုန်းငွေပမာဏ တွက်ချက်ပြီး ရရှိသည့် လဲလှယ်တန်ဖိုးအား နုတ်ပယ်၍ ကျန်ရှိသည့် တိုးမြှင့်ပင်စင်လစာကို ခွင့်ပြုရန် ဆောင်ရွက်ထားပါသည်။

ဥပမာ- ယခင်မူလပင်စင်လစာ - ၅၅ ကျပ်
တစ်လုံးတည်းလဲလှယ်ငွေ - ၃၀ ကျပ်
လဲလှယ်သည့်ရာခိုင်နှုန်း - ၅၄ ဒသမ ၅ ရာခိုင်နှုန်း
ရရှိမည့် တိုးမြှင့်ပင်စင်လစာ - ၁၉၀၀၀ ကျပ်
လဲလှယ် (၅၄ ဒသမ ၅) ရာခိုင်နှုန်း၏ တန်ဖိုး ၁၀၃၅၅ ကျပ် နုတ်ပါသည်။
ရရှိမည့် တိုးမြှင့်ပင်စင်လစာ ၈၆၄၅ ကျပ်

၇။ မေး။ တစ်လုံးတည်း (ပင်စင်လစာရောင်းဝယ်) ပင်စင်လစာကို ယခုဆောင်ရွက်၍ ရပါသလား။

ဖြေ။ တစ်လုံးတည်း ပင်စင်လစာ လဲလှယ်ခြင်းကို အမြင့်ဆုံးကျပ် ၅၀ အထိ လဲလှယ်လိုပါက ယခုဆောင်ရွက်ပေးပါသည်။

၈။ မေး။ တစ်လုံးတည်းပင်စင်လစာ လဲလှယ်ခြင်းစနစ်ကို ရပ်ဆိုင်းခဲ့မည်ဆိုပါက အဘယ့်ကြောင့် ရပ်ဆိုင်းပါမည်နည်း။ ဆက်လက်ထားရှိသည်ဆိုလျှင်လည်း အဘယ့်ကြောင့်ထားရှိသည်ကို ဖြေဆိုပေးစေလိုပါသည်။

ဖြေ။ တစ်လုံးတည်းပင်စင် လဲလှယ်ခြင်းအား ရပ်ဆိုင်းခဲ့ခြင်း မရှိပါ။

၉။ မေး။ တစ်လုံးတည်း (ပင်စင်လစာရောင်းဝယ်) ပင်စင်လစာ လဲလှယ်ပြီးသူသည် ယခုပင်စင်လစာနှုန်းအသစ်ထဲတွင် ပါဝင်နေပါက မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။

ဖြေ။ အမှတ်စဉ် (၆)တွင် ဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ရပါမည်။

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုကြိုဆို

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၁ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ပန်ကြပ်ဆီလတ် (လက်သိုင်း) အတိုက်ပြိုင်ပွဲသို့ မလေးရှားလက်ရွေးစင်အသင်း၊ မလေးရှားကွာလာလမ်ပူပြည်နယ်အသင်း၊ ဗီယက်နမ်၊ မြန်မာ၊ စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံက ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် နိုင်ငံအလိုက် တတိယအဆင့် ရရှိခဲ့သည်။ အဆိုပါ (လက်သိုင်း) အတိုက်ပြိုင်ပွဲ၌ အိမ်ရှင် မလေးရှားနိုင်ငံက ရွှေငါးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့်ပထမ၊ ဗီယက်နမ်နိုင်ငံက ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးငါးခုဖြင့် ဒုတိယရရှိသည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ (၅၀-၅၅)ကီလိုတန်းတွင် ရဲကျော်သူ (ကာကွယ်ရေး)က ရွှေတစ်ခု၊ ကီလို (၅၀-၆၀)တန်းတွင် ဒုတိယရဲအုပ်သိန်းစိုး (ပြည်ထဲရေး)က ရွှေတစ်ခု၊ (၈၅-၉၀)ကီလိုတန်းတွင် ရဲသီဟ(ကာကွယ်ရေး)က ငွေတစ်ခု၊ (၆၀-၆၅)ကီလိုတန်းတွင် ကျော်နိုင်ထွန်း(စီးပွား/ကူးသန်း)က ငွေတစ်ခု၊ (၅၅-၆၀) ကီလိုတန်းတွင် နှင်းသီတာ (စက်မှု-၁)က ငွေတစ်ခု၊ (၄၅-၅၀) ကီလိုတန်းတွင် စံထူး(လယ်/ဆည်)က ကြေးတစ်ခု၊ (၅၀-၅၅) ကီလိုတန်းတွင် ဝေဝေလွင် (စက်မှု-၁)က ကြေးတစ်ခု၊ (၇၀-၇၅) ကီလိုတန်းတွင် သင်းမြတ်အေး (လယ်/ဆည်)က ကြေးတစ်ခု စုစုပေါင်းဆုတံဆိပ် ရှစ်ခုဖြင့် နိုင်ငံအလိုက် တတိယအဆင့် ရရှိခဲ့ခြင်းဖြစ်သည်။

အောင်ပွဲရ မြန်မာ့သိုင်းအားကစားသမားများသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သူရဘိုနီ၊ အတွင်းရေးမှူးဒုတိယရဲမှူးကြီးစိုးလင်းအောင်နှင့် အမှုဆောင်များ၊ အားကစားသမားများနှင့် မိဘဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုကြသည်။ **(ဝဲပုံ)**

လိုက်ပါလာ

မြန်မာ့သိုင်းလက်ရွေးစင်အဖွဲ့ခေါင်းဆောင်အုပ်ချုပ်သူဒုတိယဥက္ကဋ္ဌဒေါ်ယွပ်ဆိုင်းအိန်နှင့်အတူ အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးနှင့် နည်းပြလေးဦး၊ အမျိုးသားအားကစားသမားငါးဦးနှင့် အမျိုးသမီးအားကစားသမား သုံးဦးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များအား စခန်းသွင်းလေ့ကျင့်

ရန်ကုန် ဇူလိုင် ၁၅

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသော ဘော်လီဘောနှင့် တင်းနစ် အားကစားစခန်းများသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်က လေ့ကျင့်ရေးပိုင်းဆိုင်ရာ စည်းကမ်းများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအုန်းမြင့်ဦးက အားကစားစခန်းများ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာနေထိုင်မှု၊ ကျွေးမွေးမှုစည်းကမ်းများကို ဇူလိုင် ၁၂ ရက်မှ ၁၃ အထိ လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်ချက်များကို မှာကြားခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)** **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲ ဘီးလင်း၌ကျင်းပ

ဘီးလင်း ဇူလိုင် ၁၅

သထုံခရိုင် ဘီးလင်းမြို့နယ် ၂၀၁၁ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက် ညနေ ၃ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဌေးလှိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများက သတ်မှတ်နေရာများတွင် စိုက်ပျိုးခဲ့ကြသည်။

ဘီးလင်းမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၁၀၀၊ မဟော်ဂနီ၁၀၀၊ အော်ရီးရှား ၂၀၀၊ ယူကလစ် ၂၀၀ စုစုပေါင်း သစ်ပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မြန်မာ့အလင်း ရုပ်ရှင်သတင်း

ယခုတစ်ပတ် ဇာတ်ကားသစ်များ ရုံမဝင် အာဒမ်၊ ဧဝနှင့် ဒသ ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၁၅

ယခုတစ်ပတ်၌ ရန်ကုန်မြို့လယ်ရုံများတွင် မြန်မာဇာတ်ကားသစ်နှင့် နိုင်ငံခြားဇာတ်ကားသစ်များ ရုံမဝင်ဘဲ ပုညခင်၏ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာဝိုင်း ရိုက်ကူးထားသည့် ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ မျိုးသန္တာထွန်း၊ စိုးမိုးကြည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားသော **အာဒမ်ရယ်၊**

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ဧဝရယ်၊ ဒသရယ် ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာ ရုပ်ရှင်ရုံများတွင် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

ရန်ကုန်မြို့လယ်ရှိ ရွှေဆောင်ရုပ်ရှင်ရုံတွင် နိုင်ငံခြားဇာတ်ကား GREEN LANTERN နှင့် နေပြည်တော်ရုပ်ရှင်ရုံတွင် ယခင်အပတ်က ရုံဝင်ခဲ့သော X- MEN FIRST CLASS နိုင်ငံခြားဇာတ်ကားတို့ ဆက်လက်အောင်ပွဲခံလျက်ရှိပါကြောင်း သတင်းအမြည်းအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင် စိုက်ပျိုးနေမှုကို ဇွန် ၂၈ ရက်က အင်ဂျင်နီယာမှူး ဦးသန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် မြသီရိလမ်းဆုံတွင် အဖွဲ့ဝန်ထမ်းများ မြေယာရှင်းအလှပြုလုပ်နေမှုကို ဇူလိုင် ၃ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မောင်တောမြို့နယ်၌ အီတာလျာ(မြောက်ပိုင်း) လမ်းတံတားအမှတ် (၆) အုတ်ခုံခံကွန်ကရစ်တံတား တည်ဆောက်နေမှုကို ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်မင်္ဂလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ခင်စိုး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးသိန်းအောင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သုံးဆယ်မြို့ ဖားကူးလမ်း ဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက် စုဆောင်းထားရှိမှုကို ဇွန် ၁၄ ရက်က အမှုဆောင်အရာရှိ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်



အင်ဒိုနီးရှား၌ လိုကွန်မီးတောင်ထပ်မံပေါက်ကွဲ

ဂျကာတာ ဇူလိုင် ၁၅

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်မြောက်ပိုင်းရှိ လိုကွန်မီးတောင်မှာ ဇူလိုင် ၁၄ ရက်ညက ထပ်မံပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ မီးခိုးနှင့်ပြာမှုန်များမှာ ဝေဟင်အမြင့် မီတာ ၂၀၀၀ မှ မီတာ ၇၀၀၀ အထိ မြင့်တက် လွင့်ပျံလျက်ရှိသည်။ **(ဝဲပုံ)**

ထုတ်ပြန်ထား

ထို့ကြောင့် မီးတောင်အနီးဝန်းကျင်မှ လေယာဉ်များရှောင်ပြီး မောင်းနှင်ကြရန် အင်ဒိုနီးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတိပေးချက်ထုတ်ပြန်ထားကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ရှင် ၁၂၉ ခုရှိကြောင်း၊ တစ်ဖန် ပစိဖိတ်ငလျင်ရပ်ဝန်းအတွင်း ကျရောက်နေသဖြင့် မီးတောင်များ မကြာခဏပေါက်ကွဲမှုဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အက်စတိုးနီးယား ခုနစ်ဦး လက်ဘနွန်မှ ပြန်လည်လွတ်မြောက်လာ

ဘေရွတ် ဇူလိုင် ၁၅

လက်ဘနွန်နိုင်ငံ ဘီကားဗယ်လီဒေသတွင် အက်စတိုးနီးယားနိုင်ငံသား ခုနစ်ဦးအား ပြီးခဲ့သည့် မတ်လက ပြန်ပေးဆွဲသွားခဲ့ရာမှ ဇူလိုင် ၁၃ ရက်၌ ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဘေရွတ်မြို့ရှိ ပြင်သစ်သံရုံးက ဇူလိုင် ၁၅ ရက်၌ သတင်း ထုတ်ပြန်သည်။

ဓားစာခံများ လွတ်မြောက်ရေးအတွက် အက်စတိုးနီးယားနှင့် လက်ဘနွန်နိုင်ငံများမှ တာဝန်ရှိသူများက ကြိုးစားခဲ့ခြင်းဖြစ်ပြီး ပြင်သစ်တို့ကလည်း အကူအညီများပေးခဲ့ကြောင်း ပြင်သစ်သံအမတ်ကြီးက ပြောကြားသည်။

အဆိုပါ အက်စတိုးနီးယားနိုင်ငံသား ခုနစ်ဦးမှာ ဆီးရီးယားနိုင်ငံမှတစ်ဆင့် ဝင်ရောက်လာခဲ့သူများဖြစ်ပြီး လက်ဘနွန်နိုင်ငံ အရှေ့ပိုင်း ဘီကားဗယ်လီဒေသအနီးတွင် အကြမ်းဖက်သမားများက ဖမ်းဆီးပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘရာဇီးလေဆိပ်၌ ဗုံးလန့်မှုဖြစ်ပွား

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၅

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ဆန့်စ်တိုမ်ဒူမွန်လေဆိပ်တွင် ကားတစ်စီးအတွင်း ဗုံးထောင်ထားသည်ဟု သတင်းပေးချက်တစ်ရပ် လက်ခံရရှိပြီးနောက် ၎င်းလေဆိပ်ကို ဇူလိုင် ၁၄ ရက်က ပိတ်ထားခဲ့ရကြောင်း လေဆိပ်ရဲအရာရှိများက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက လေဆိပ်ရေိယာအတွင်း အနံ့ခံခွေးများအသုံးပြုကာ နာရီများစွာကြာအောင် ရှာဖွေခဲ့သော်လည်း ပေါက်ကွဲစေနိုင်သည့်ပစ္စည်း တစ်စုံတစ်ခုမျှ တွေ့ရှိခြင်းမရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကဆက်လက်ပြောကြားသည်။ လေဆိပ်အနီးဝန်းကျင်လမ်းများတွင်လည်း ပိတ်ဆို့ရှာဖွေရာ ပေါက်ကွဲစေနိုင်သည့် မည်သည့်အရာမျှမတွေ့ရှိရသဖြင့် နာရီအနည်းငယ်အကြာတွင် ၎င်းလေဆိပ်ကို ပြန်ဖွင့်ပေးလိုက်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း ပြည်နယ်ရှစ်ခု ရေဘေးဒုက္ခကြုံ

ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံတောင်ပိုင်း၌ ယခုသီတင်းပတ် အစောပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်ရှစ်ခု၌ ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားကာ လူပေါင်း ၁ ဒသမ ၇ သန်းကျော် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နေကြရကြောင်း တရုတ်အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးကော်မရှင်က ဇူလိုင် ၁၅ ရက်တွင် ကြေညာသည်။ **(ယာပုံ)**

အဆိုပါ သဘာဝဘေးအန္တရာယ်ရင်ဆိုင်နေကြရသော ပြည်နယ်များမှာ ကျန်စု၊ အန်ဟွေး၊ ကျန်စီ၊ ဟူနမ်၊ ကွမ်တုံ၊ ယူနန်နှင့် စီချွမ်ပြည်နယ်တို့ ပါဝင်ကြောင်း၊ တိဗက်ဒေသ၌ သေဆုံးသူ ခြောက်ဦးရှိခဲ့ကြောင်း အစိုးရထုတ်ပြန်ချက် စာရင်းဇယားများ၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ - စုစည်းသည်

တောင်ဆူဒန်နိုင်ငံ ၁၉၃ နိုင်ငံမြောက် ကုလအဖွဲ့ဝင်နိုင်ငံဖြစ်လာ

ကုလသမဂ္ဂ ဇူလိုင် ၁၅

တောင်ဆူဒန်နိုင်ငံသည် ကုလသမဂ္ဂ၏ ၁၉၃ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ဇူလိုင် ၁၄ ရက်က ကုလသမဂ္ဂ၌ တောင်ဆူဒန်နိုင်ငံအလံလွှင့်တင်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗီစတာဂြိုဟ်သိမ်ကို အာကာသယာဉ် လေ့လာမည်

နာဆာ ဇူလိုင် ၁၅

ကမ္ဘာမြေမှ မိုင်သန်းပေါင်း ၁၁၇ သန်း အကွာအဝေးရှိ ဗီစတာ (Vesta) အမည်ရှိ ဂြိုဟ်သိမ်တစ်ခုကို အမေရိကန်အာကာသအေဂျင်စီမှ လွှတ်တင်ထားသော ဒေါင်း (Dawn) အမည်ရှိ စက်ရုပ်အာကာသယာဉ်က ဇူလိုင် ၁၆ ရက် (စနေနေ့) အစောပိုင်းတွင် ၎င်း၏ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်ကာ တစ်နှစ်ကြာ စူးစမ်းလေ့လာသွားမည်ဖြစ်ကြောင်း အမေရိကန်အာကာသအေဂျင်စီတာဝန်ရှိသူများက ဇူလိုင် ၁၄ ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

ကိတ်ဝင်းစလက်၏ရုပ်ရှင်ကား အမ်မီဆုမျှော်မှန်း

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၅

(၆၃)ကြိမ်မြောက် အမေရိကန်ရုပ်ရှင်ထူးချွန်ဆုတစ်ဆုဖြစ်သည့် အမ်မီဆု (Emmy Award) ပေးပွဲကို လာမည့် စက်တင်ဘာ ၂၈ ရက်၌ ကျင်းပမည်ဖြစ်ရာ အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် ကိတ်ဝင်းစလက် ပါဝင်သရုပ်ဆောင်ထားသည့် Mildred Pierce ဒရာမာဇာတ်ကားသည် ဆန်ခါတင် ၂၁ ကားရွေးချယ်ခံခဲ့ရာတွင် ဆုဆွတ်ခူးရန် ရေပန်းအစားဆုံးဇာတ်ကားဖြစ်နေသည်။ **(အင်တာနက်)**

အာဖဂန်အရပ်သားသေဆုံးမှုအများဆုံးဖြစ်လာ

ကုလသမဂ္ဂ ဇူလိုင် ၁၅

ယခုနှစ်ပထမခြောက်လအတွင်း အာဖဂန်အရပ်သားများ သေဆုံးမှုမှာ ၁၄၆၂ ဦး ရှိခဲ့ပြီး ၂၀၀၁ ခုနှစ် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစ၍ သေပျောက်မှုအများဆုံးဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်အလားတူကာလကထက် ၁၅ ရာခိုင်နှုန်းတိုးလာကြောင်း ဇူလိုင် ၁၄ ရက်က ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြသည်။ **(အင်တာနက်)**

အမေရိကန်နှင့် ဗီယက်နမ် ပူးတွဲစစ်ရေးလေ့ကျင့်မည်

ဒါနန်း ဇူလိုင် ၁၅

အမေရိကန်နှင့် ဗီယက်နမ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် အမေရိကန်ရေတပ်သင်္ဘောသုံးစင်း ဗီယက်နမ်သို့ ရောက်ရှိလာကြောင်း ဇူလိုင် ၁၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

စတီးဝပ်ဒေါင်းနင်း လီဗာပူးသို့ ရောက်တော့မည်

လန်ဒန် ဇူလိုင် ၁၅

အက်စ်တွန်ဗီလာအသင်း တောင်ပံကစားသမား စတီးဝပ်ဒေါင်းနင်းအား လီဗာပူးအသင်းက ပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန် သဘောတူလိုက်ပြီဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဒေါင်းနင်းအား **(ဝဲပုံ)**လီဗာပူးအသင်းက မကြာမီ စာချုပ်ရန် ညှိနှိုင်းလျက်ရှိသည်။ **(အင်တာနက်)**

မန်စီးတီးနောက်တန်းလူ ဘိုတန် ဘိုင်ယန်မြူးနစ်သို့ပြောင်းရွှေ့

လန်ဒန် ဇူလိုင် ၁၅

မန်စီးတီးနောက်တန်းကစားသမားတစ်ဦးဖြစ်သည့် ဘိုတန်**(ယာပုံ)**သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် လေးနှစ်စာချုပ်ရန်ထွက်ခွာသွားပြီဖြစ်သည်။

ပြောင်းရွှေ့

အသက် ၂၂ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဘိုတန်သည် ၂၀၁၀ ခုနှစ်တွင် ဂျာမနီဟမ်းဘတ်အသင်းမှ မန်စီးတီးသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် မန်စီးတီးအသင်းတွင် ပုံမှန်ကစားခွင့်မရခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

ဗီအဲရာ ဘောလုံးကစားခြင်းမှ အနားယူပြီ

လန်ဒန် ဇူလိုင် ၁၅

မန်းစီးတီးနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ပက်ထရစ်ဗီအဲရာ **(ဝဲပုံ)** သည် ဘောလုံးကစားခြင်းမှ အနားယူလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၁၄ ရက်က ကြေညာသည်။

အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်သော ဗီအဲရာသည် ဘောလုံးကစားခြင်းမှ နားခဲ့သော်လည်း မန်စီးတီးအသင်း၏ အမှုဆောင်ရာထူးကို ထမ်းဆောင်မည်ဖြစ်သည်။ **(အင်တာနက်)**

ဝီဂန်တောင်ပံကစားသမား အက်စ်တွန်ဗီလာကမ်းလှမ်း

လန်ဒန် ဇူလိုင် ၁၅

ဝီဂန်တောင်ပံကစားသမား ချာလီအင်ဇောက်ဘီယားအား လီဗာပူးသို့ ပြောင်းရွှေ့ရန် သဘောတူညီထားသည့် စတီးဝပ်ဒေါင်းနင်းနေရာတွင် အစားထိုးရန် အက်စတွန်ဗီလာအသင်းကမ်းလှမ်းလိုက်သည်။

ကစားခဲ့

အသက် ၂၅ နှစ်အရွယ်ရှိ အင်ဇောက်ဘီယားသည် ဝီဂန်နှင့် အသင်းဟောင်း နယူးကာဆယ်အပါအဝင် ပရီမီယာလိဂ် ပွဲပေါင်း ၂၅၀ နီးပါးတွင် ကစားခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူးနှင့်အဖွဲ့ ထိုင်းကုန်စည်ပြပွဲသို့တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် Made in Thailand Exhibition ၂၀၁၁ ပြပွဲသို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်နှင်းဝေ၊ အလုပ်အမှုဆောင် ဒေါ်လှလှမျိုး၊ အသင်းဝင် ဒေါ်ကြည်ကြည်ဌေး၊ ဒေါ်ခင်ချိုသက်နှင့် ဒေါ်ပြည့်ပြည့်တို့သည် ဇူလိုင် ၁၂ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနာယက ဒေါ်တင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်နွယ်ဦးနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပညာသင်ထောက်ပံ့ကြေး ပန်းတနော်မြို့နယ်၌ ပေးအပ်

ပန်းတနော် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးချိုအေး(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် မိသားစုဝင် ကျောင်းသားကျောင်းသူများအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချိုအေး(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးအောင်သင်း(ငြိမ်း)၊ အတွင်းရေးမှူး တပ်ကြပ်မိုးလွင်(ငြိမ်း)တို့က အထက်တန်း ကျောင်းသားကျောင်းသူ ၁၀ ဦး၊ အလယ်တန်း ၂၅ ဦး၊ မူလတန်း ၃၀ တို့အား ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၁၄၃)**

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ ကမ်းနားပိုင်းသို့ရောက်ရှိပြီး စစ်တောင်းမြစ်ကမ်းပြိုရာမှ ဆုံးရှုံးမှုများဖြစ်ပေါ်ခံစားရသည့် အိမ်ထောင်စု ၃၃စုအား စေတနာရှင်များက ဆန်၊ ဆီ၊ စောင်၊ ခြင်ထောင်နှင့် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးကာ စစ်တောင်းအမှတ်(၁) စက်ကျုံစက်ရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထို့နောက် ကော့ထင်းကျေးရွာ လယ်ယာမြေစံပြလုပ်ကွက်သို့ရောက်ရှိပြီး တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းများနှင့်အညီ အချိန်မီပြီးစီးအောင်စိုက်ပျိုးရေး စသည်တို့ကိုမှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညနေပိုင်းတွင် သထုံမြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ Collective Triangle Co., Ltd.က တာဝန်ယူတည်ဆောက်လျက်ရှိသည့် အလျား ပေ ၁၂၀၊ အနံ ၃၂ပေရှိ အုတ်ညှပ်တစ်ထပ်၊ ဆရာ ဆရာမများ အိမ်ရာအဆောက်အအုံနှစ်လုံး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သံတွဲ၌ ပညာပေးဟောပြော

သံတွဲ ဇူလိုင် ၁၅

သံတွဲခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် သံတွဲမြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေး ဟောပြောပွဲကို ဇွန် ၂၃ ရက် မွန်းတည့် ၁၂ နာရီက သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပရာ သံတွဲခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအောင်သန်းဖြူက ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းလုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဟောပြောဆွေးနွေးပြီး သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ရွှေ၊ သံတွဲမြို့မရဲစခန်းမှူး ရဲအုပ်အေးမင်း၊ သံတွဲမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်တင်အေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများအကြောင်း သိကောင်းစရာများကို ပညာပေး ဟောပြောကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ သံတွဲမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသန့်ကျော်က မြို့နယ် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ယာဉ်လိုင်းဆိုင်ရာ စည်းကမ်းချက်များအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ရွှေပုံဝင်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၉ ရက်က အမက(၃၂)တွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရီ အမှာစကားပြောကြားစဉ်။ (ဝ၄၄)

သန့်ရှင်းသာယာလှပရေး စလင်းမြို့၌ ဆောင်ရွက်

စလင်း ဇူလိုင် ၁၅

စလင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြင်တင်ရပ်ကွက် မြသိန်းတန်ဘုရားလမ်းတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းဆယ်ခြင်းလုပ်ငန်းများကို ဇွန် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြင်တင်ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်း ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ပေါက်ခေါင်းမြို့နယ်၌ ကျေးရွာပြည်သူလူထုအခြေပြု ကြက်ခြေနီစီမံချက်ဆိုင်ရာ အကြိုညှိနှိုင်းဆွေးနွေး

ပေါက်ခေါင်း ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ကျေးရွာပြည်သူလူထုအခြေပြု ကြက်ခြေနီစီမံချက်ဆိုင်ရာ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ညှိနှိုင်းရေးမှူး ဒေါက်တာအောင်ကျော်ထွန်း (အပေါ်ပုံ)က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးဟောပြောသည်။ ထို့နောက် လေးကြီးကျေးရွာနှင့် ဝက်တိုးကျေးရွာများသို့ကွင်းဆင်းကာ ကျေးရွာကြက်ခြေနီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

စစ်ဆေး

ဇူလိုင် ၆ ရက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း သင်တန်းဌာန လက်ထောက်ညှိနှိုင်းရေးမှူး ဦးဇော်မိုးအောင်နှင့်အဖွဲ့သည် ကြက်ခြေနီအခြေခံ ရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ် (၈/၂၀၁၁) တွင်သင်ကြားနေမှုများကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ကြက်ခြေနီအသင်း)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရပ်ကွက်ပေါင်းစုံ (လူသစ်တန်း) ဘီလိယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဟံသာဝတီလမ်းရှိ အားကစားရုံတွင် ဇူလိုင် ၅ရက်က ကျင်းပရာ ဘီလိယက်ပြိုင်ပွဲ၌ ပထမဆုရမောင်မျိုးမင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ဝဝ၇)

ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

နိုင်ငံတကာရှိ Hotelများ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ တာဝန်ထမ်းဆောင်ချင်သူများအတွက် Hospitality Service & Operation Courseသင်တန်း အပတ်စဉ်အသစ်ကို ဇူလိုင်လ တတိယပတ်အတွင်း မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအဖွဲ့ (MTB)၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်ရာ သင်တန်းတွင် F & B Service (အစားအသောက်တည်ခင်း ဝန်ဆောင်မှုအတတ်ပညာ-Waiter / Waitress)၊ House-keeping Operation(ဟိုတယ်အတွင်းသပ်ရပ်လှပအောင်ထိန်းသိမ်းခြင်းအတတ်ပညာ-Room Attendant)၊ The Art of Napkin Folding တို့အပြင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း၊ Hotel Operations၊ ဧည့်ဝတ်ကျေပွန်မှုအတတ်ပညာ Customer Services စသည်တို့ကို International Five Star Hotel များတွင်တာဝန်ထမ်းဆောင်ခဲ့သူများက စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက် (၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၅

သင်းရန့်စာကြည့်တိုက် မြိုင်မြို့နယ်၌ဖွင့်

ပခုက္ကူခရိုင် မြိုင်မြို့နယ် သင်းပေါင်းကန်ကျေးရွာ သင်းရန့်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကြည်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက သုတရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တောင်ငူ၌ စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာ စိန်ကျွန်းပညာဉယျာဉ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇူလိုင် ၈ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းယုအောင်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စံ(၅)ချက်နှင့် ညီသော စာကြည့်တိုက်များအကြောင်း ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများက အလှူငွေများနှင့်စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့၏ အဓိကရေနုတ်မြောင်းတစ်ခုဖြစ်သော ကသစ်ပင်ရိုးရေနုတ်မြောင်းအား ဇွန် ၁၂ ရက်ကတူးဖော်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖိုးသား
စိစဥ်သည်

ကင်မရာမင်း
အကယ်ဒမီများရှင် ကိုကိုခွေး

တေးရေး
နိုင်မြန်မာ

ထုတ်လုပ်မှု တာဝန်ခံ
ဆုနှင်းထက်

နောက်ခံတေးဂီတ
မြန်မာပြည်ကျောက်စိမ်း

အသံဖမ်း
အကယ်ဒမီ ဝဏ္ဏတင်စိုး

အနုပညာအကြံပေး
လူရွှင်တော်အဖွဲ့

ဇာတ်လမ်း ဇာတ်ညွှန်း
နှင့်
ဒါရိုက်တာ
မင်းအုပ်စိုး

ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားသစ်ကြီး

" မြန်မာပြည်မှာ လူပေါင်းသန်းငါးဆယ်ကျော်ရှိတယ်။ ဒါပေမယ့် မင်းလိုရှားတာဆိုတာ အယောက်ငါးဆယ်ပြည့်အောင် မရှိဘူး အုပ်ကြီး။ ဆရာစိန်ကြည်ဖြူ ဆီမှာ သုံးနှစ်သုံးမိုး မင်းရဲ့လက်တွေအသားမာတက်အောင် သင်ကြားခဲ့တဲ့ ပညာက လယ်လုပ်ဖို့လား၊ တောဒီဆိုင်းဝိုင်းထဲက ပတ်လုံးတွေကို တီးဖို့လားဆိုတာ မင်းသေသေချာချာစဥ်းစား"

တိမ်ညွန့်
သရဝဏ်အငြိမ့်အဖွဲ့မှ လူရွှင်တော်

မင်းအုပ်စိုးနှင့် လင်းဇာနည်ဇော်အတွဲကို ထပ်မံကြည့်ရှုလိုသော ပရိသတ်ကြီးအတွက်
Sponser by Jasmine Phyu

ရေယာဥ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အောင်ဇေယျာမင်း(5) (ON-5156) အမည်ရှိ ငါးဖမ်းစက်လှေ (မှတ်ပုံတင်နံပါတ် - ON ၅၁၅၆)၊ စုစုပေါင်းတန်ချိန် - ၈၂၁သမ၅၄အား ဂရန် အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးစန်းမောင် ၆/ကစန (နိုင်)၀၀၃၄၇၄ အမည်မှ ဦးဇေယျာမျိုး ၆/လလန(နိုင်)၀၆၀၃၄၈ နှင့် ဦးမင်းမင်း ၆/လလန(နိုင်)၀၆၈၄၀၀ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်း၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူ၍ ရက်ပေါင်း၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးထွန်းအောင်၏သား မင်္ဂလာဒုံ အထက(၅) တက္ကသိုလ်ဝင်တန်း- A မှ မောင်မိုးအောင်မြင် ၇/ပခန(ဧည့်) ၀၀၀၃၄၀အား မောင်မိုးအောင်(ခ) မောင်မိုးအောင်မြင်ဟုဖြည့်စွက်ခေါ်ပါရန်။

မောင်မိုးအောင်(ခ)မောင်မိုးအောင်မြင်

ကွာရှင်းပြတ်စဲခြင်း

တပ်ကုန်းမြို့၊ ဆရာစုရပ်ကွက်နေ ကျွန်တော်ဦးမြင့်နိုင် ၉/တကန(နိုင်) ၀၁၁၁၄၀နှင့် ဒေါ်အေးထားဦး ၉/တကန (နိုင်)၀၀၂၈၆၅တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြီးစီးကြောင်းကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမြင့်နိုင်
၉/တကန(နိုင်)၀၁၁၁၄၀၊
တပ်ကုန်းမြို့

(70'x70')230သိန်း (70'x100')320သိန်း
ဖုန်း: 09 730 89767 - 09 47 202 616

ပြည်သူလူထုအခြေပြု ဆင့်ပွားသင်တန်းဖွင့်

ညောင်လေးပင် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူ မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ဌေးကြွယ်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းရွှေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးမိုးအေး၊ အဖွဲ့ဝင် ဒေါ်စန်းစန်းဝင်းနှင့် ဒေါ်ခင်ရွှေတို့က သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(၁၃၈)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ရေး ဝိုင်းမော်မြို့၌ ဟောပြောပွဲကျင်းပ

မြစ်ကြီးနား ဇူလိုင် ၁၅

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၃ ရက်က ဝက်နားရွက်ပြာရောဂါ ကြိုတင်ကာကွယ်ရေးဟောပြောပွဲကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီစိုးက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာယိန်းညော်၊ ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထားထားဦး၊ ဝိုင်းမော်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင့်နိုင်တို့က ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းတို့ကို ဆွေးနွေးကြသည်။

လက်ကမ်းစာစောင်များပေးဝေ

ထို့နောက် ရပ်ကွက်အတွင်းရှိ ဝက်ရောင်းချသူများ၊ ဝက်မွေးမြူသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ထိုင်ခုံအလုံး ၂၀၀လှူဒါန်း

ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၆ ရက်က ပလတ်စတစ်ထိုင်ခုံ အလုံး ၂၀၀ လှူဒါန်းပွဲကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် အမှာစကားပြောကြားစဥ်။

(မြို့နယ် ထွေ/အုပ်)

စီးပွားရေးအစီအစဥ်ရေးဆွဲပြိုင်ပွဲ(၂၀၁၁) ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ စွန့်ဦးတီထွင်သောလူငယ်များအဖွဲ့ဦးဆောင်ပြီး ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ စီးပွားရေးအစီအစဥ် ရေးဆွဲပြိုင်ပွဲ(၂၀၁၁) (Myanmar Business Plan Competition MBPC-2011)ကို Be a Pioneer, Be a Professional ဆောင်ပုဒ်ဖြင့် ဩဂုတ် ၇ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပညာရပ်နယ်ပယ်အသီးသီးတွင် လေ့လာသင်ယူနေသော မြန်မာလူငယ်များကြား စွန့်ဦးတီထွင် လုပ်ကိုင်လိုသော စိတ်ဓာတ်များ ဖြစ်ထွန်းလာစေရန်နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင် လုပ်ကိုင်ရာတွင် အသုံးချတတ်စေရန်ဖြစ်ပြီး ပြိုင်ပွဲကို အသက် ၁၈ နှစ်မှ ၂၄ နှစ်အတွင်းရှိ စီးပွားရေးပညာရပ်များကို လေ့လာနေသော ကျောင်းသားများသာမက နယ်ပယ်အသီးသီးရှိ ကျောင်းသားလူငယ်များအတွက်ပါ ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကာ တစ်ဖွဲ့လျှင် နှစ်ဦးမှ လေးဦးအထိ ဝင်ရောက်ယှဥ်ပြိုင်နိုင်ကြောင်းနှင့် ဝင်ကြေးအနေဖြင့် တစ်သင်းလျှင် ကျပ်တစ်သောင်းတိတိ သတ်မှတ်ထားကာ မရွေးချယ်ခံရသော အသင်းအား ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် KBZ Bank မှ Platinum Sponsor အဖြစ်နှင့် Cannon မှ Gold Sponsor အဖြစ် ပံ့ပိုးကူညီပေးထားပြီး ဆုကြေးအနေဖြင့် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်းအပြင် အထူးဆုများအနေဖြင့် တီထွင်ဆန်းသစ်နိုင်ဆု အသင်းအဖွဲ့လိုက် စုစည်းတင်ပြမှုတို့ ဖြစ်ပြီး ဆုကြေးငွေကျပ်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ရာ အသေးစိတ်သတင်းအချက်အလက်များကို PS Business School စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ သရီး(ဒီ) ဖုန်း- ၅၂၄၄၈၂ နှင့် ၅၀၀၅၃၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

လှိုင်းဘုန်းတံတားစီမံကိန်းကို ဤသို့ တွေ့ရသည်။

ဖွံ့ဖြိုးတိုးတက်လာသည့် မော်လမြိုင်ကျွန်းမြို့နယ်က လှိုင်းဘုန်းစံပြရွာ

➤ သတင်းဆောင်းပါး – သိန်းဇော်(ရွှေလီဦး) ➤ ဓာတ်ပုံ – မော်ကျွန်းစိုးမြင့်

နေပြည်တော် ဇူလိုင် ၁၅

ဇူလိုင်မိုး အုံ့ဆိုင်းညို့မှိုင်းပြီး ရွာနေချိန်တွင် မော်လမြိုင်ကျွန်းဆိပ်ကမ်း၌ သင်္ဘော၊ စက်လှေ၊ စက်တပ်သမ္ဗန်များကို ဝင်လိုက်၊ ထွက်လိုက် တွေ့ရသကဲ့သို့ ခရီးသွားများလည်း များပြားစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ စာရေးသူတို့အဖွဲ့လိုက်ပါလာသော မော်တော်မှာ မော်လမြိုင် ကျွန်းဆိပ်ကမ်းမှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာခဲ့ပြီး ရေမိုင် ၃၀ ရှိသော လှိုင်းဘုန်းရွာရှိရာ လှိုင်းပုံးချောင်းခေါ် လှိုင်းဘုန်းချောင်းသို့ မောင်းနှင်ချိန် သုံးနာရီအကြာတွင် ရောက်ခဲ့သည်။

လှိုင်းဘုန်းချောင်း

"ဟိုရှေ့တည့်တည့်ဆင်းသွားရင် ကျွန်းပြသာဒ်မြစ်ကြီးပေါ့။ ဒီမြစ်ကြီးနဲ့ လှိုင်းဘုန်းချောင်းဆုံတဲ့နေရာမှာတော့ အထက်ဘက်မှာ မော်လမြိုင်ကျွန်းမြို့နယ်၊ အောက်ဘက်နားက ဘိုကလေးမြို့နယ်၊ လှိုင်းဘုန်းဘက်ခြမ်းအလွန်မှာ လပွတ္တာမြို့နယ်ရှိပါတယ်။ ဟောဒီ ညာဘက် ချောင်းက လှိုင်းဘုန်းချောင်းပေါ့။ သိပ်မကြာဘူး လှိုင်းဘုန်းစံပြရွာကို ရောက်ပါတော့မယ်"။ စာမျက်နှာ ၅ ကော်လံ ၁ ●

မြန်မာ့အလင်း နည်းပညာသတင်း

ကမ္ဘာ့အစိမ်းရောင်စွမ်းအင်သုံးစွဲမှု စံချိန်တင်မြင့်တက်လာ

မြင့်မောင်စိုး ➤ ရေးသားသည်

ကုလသမဂ္ဂ ဇူလိုင် ၁၅

ယနေ့မျက်မှောက်ခေတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများ တဖြည်းဖြည်း လျော့နည်းလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) များကို ရှာဖွေသုံးစွဲလာကြသည်။ ယင်းစွမ်းအင်ကို အစိမ်းရောင်စွမ်းအင် (Green Energy) ဟုလည်း ခေါ်ကြသည်။
စာမျက်နှာ ၃ ကော်လံ ၁ ❖



အိန္ဒိယနိုင်ငံ ခါဒိုဒါမြို့အနီး၌ ဆိုလာစွမ်းအင် ထုတ်လုပ်ရေးစခန်းတစ်ခုကို ဤသို့ တွေ့ရသည်။